# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက် | ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်၊ စနေနေ့ | အတွဲ (၆၅)၊ အမှတ်(၁၀၁၈)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်အဖွဲ့များက လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ငြိမ်းချမ်းရေးဆွေးနွေးပွဲတက်ရောက်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်အဖွဲ့များက လာရောက်ဂါရဝပြုတွေ့ဆုံ

## တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် အရေးကြီးသဖြင့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆောင်ရွက်သွားကြရန်လို

နေပြည်တော် အောက်တိုဘာ ၁၇

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ငြိမ်းချမ်းရေးဆွေးနွေးပွဲတက်ရောက်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်အဖွဲ့များက ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။ *စာမျက်နှာ ၃ ကော်လံ ၁ ✻*

**ယနေ့** *သတင်းအညွှန်း*


**အနာဂတ်စားရေရိက္ခာဖူလုံဖို့ လက်တွဲဆောင်ရွက်ကြပါစို့** — ဆောင်းပါး — စာ ၈

**"ငြိမ်းချမ်းသောမြန်မာ့အနာဂတ်တည်ဆောက်ခြင်း" အလုပ်ရုံဆွေးနွေးပွဲ တတိယနေ့ ကျင်းပ** — ပြည်တွင်းသတင်း — စာ ၉

**ဝန်ကြီးချုပ်သစ်အား အောက်တိုဘာ ၂၁ ရက်တွင် ရွေးချယ်ရန် ဂျပန်အာဏာရပါတီနှင့်အတိုက်အခံပါတီတို့ သဘောတူ** — နိုင်ငံတကာသတင်း — စာ ၁၄

# အောင်သပြေပန်းများကမ်းလှမ်း ဝမ်းပန်းတသာ လှိုက်လှဲစွာကြိုဆို

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ကို အောက်တိုဘာ ၁၆ ရက်နေ့တွင် တပ်မတော်စစ်ကြောင်းများက အပြီးတိုင်ထိန်းချုပ်လိုက်ရာ မြို့တွင်း၌ရှိနေကြသည့် TNLA အကြမ်းဖက်သောင်းကျန်းသူတို့ ဆုတ်ခွာထွက်ပြေးသွားကြရပြီဖြစ်သည်။ မပြေးမီ ထုံးစံမပျက် မြို့တွင်းမှ ယူနိုင်သယ်နိုင်သမျှ ယူကြသယ်ကြပြီးဖြစ်သလို ရုံးဌာနများနှင့် ပြည်သူပိုင်အဆောက်အအုံများကို မီးရှို့ဖျက်ဆီးသွားခဲ့ကြသည်။ နောင်ချို၊ ကျောက်မဲမှသည် သီပေါအထိ ၎င်းတို့ပြေးကြရသမျှ မြို့တိုင်းမှာ မဖျက်မနေ ဖျက်ဆီးခဲ့ကြသည့်အထဲတွင် ဂုတ်ထိပ်တံတား၊ ဂုတ်တွင်းတံတား၊ မိုးတေတံတား၊ နမ့်မန်းတံတား၊ ကျင်သီတံတား စသည့် တံတားများလည်း မိုင်းခွဲချိုးဖျက်ခံကြရသည်။

အောက်တိုဘာ ၁၇ ရက်တွင် သီပေါမြို့သို့ ချီတက်ဝင်ရောက်လာသည့် တပ်မတော်စစ်ကြောင်းများကို ဒေသခံတိုင်းရင်းသားပြည်သူများက အောင်သပြေပန်းများကမ်းလှမ်း၍ ဝမ်းပန်းတသာ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည့် မြင်ကွင်းများမှာ နောင်ချို၊ ကျောက်မဲမြို့တို့တွင် တွေ့မြင်ခဲ့ကြရသည်နှင့် ထပ်တူပင်ဖြစ်သည်။ ပြည်ပြေးပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်လော်ဘီများက အမွှမ်းတင်ပေးနေကြသည့် အကြမ်းဖက်လက်နက်ကိုင် အဖျက်သမားတို့၏ ထိန်းချုပ်မှု၊ စိုးမိုးမှုအောက်တွင် မည်သို့နေထိုင်ခဲ့ကြရသည်ကို ကိုယ်တွေ့ကြုံကြရသည့် ဘဝပေးအသိဖြင့် ဒေသခံတိုင်းရင်းသားပြည်သူတို့ ခံစားသိရှိခဲ့ရခြင်းဖြစ်သည့်အလျောက် တပ်မတော်ကို ကြိုဆိုမှုများမှာ လှိုက်လှဲနွေးထွေးမှုအပြည့်ဖြင့်ဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ နောင်ချိုမြို့နှင့် ကျောက်မဲမြို့တို့ကို တပ်မတော်က အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးခဲ့သည်။ အစိုးရအုပ်ချုပ်ရေးယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေး၊ မြို့ပြန်လည်တည်ဆောက်ရေးတို့ကို တက်ညီလက်ညီ ဆောင်ရွက်ခဲ့ကြရာ ဦးစွာပထမအားဖြင့် ဒေသခံပြည်သူများ၏ ရင်သွေးသားသမီးတို့ ကျောင်းပြန်တက်နိုင်ခဲ့ကြသည်။ ကျန်းမာရေးပြုစုစောင့်ရှောက်မှု ခံယူရန်လိုအပ်သည့် ပြည်သူများအတွက်လည်း ဆေးရုံဆေးခန်းများ၊ ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာများ ဖျက်ဆီးယူဆောင်သွားခြင်းခံရသည့်အခြေအနေမှာပင် ပြုစုကုသမှုများကို မဖြစ်ဖြစ်အောင် ဆောင်ရွက်ခဲ့ကြသည်။

ပြင်ဦးလွင်မှ နောင်ချို၊ နောင်ချိုမှ ကျောက်မဲ စသည်ဖြင့် အပြန်အလှန်ဆက်သွယ်ကူးသန်းသွားလာမှုများ ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားကင်းစင်သည့်ဒေသများမှာ မကြာမီရောင်းပန်းဝယ်ပန်းတို့ ပွင့်လန်း၍ ပြန်လည်စည်ကားလာမည်သာဖြစ်သည်။ ယခုသီပေါမြို့ကို အလုံးစုံ ထိန်းချုပ်လိုက်ခြင်းအားဖြင့် မန္တလေး-လားရှိုးပြည်ထောင်စုလမ်းမကြီးတစ်လျှောက် မကြာမြင့်သောကာလတွင် ပြန်လည်သွားလာနိုင်ပြီး ကုန်စည်ကူးသန်းရောင်းဝယ်မှုများဖြစ်ပေါ်လာမည်ဟု မျှော်လင့်နိုင်ကြပြီဖြစ်ရာ အကြမ်းဖက်အဖျက်သမားချေမှုန်းရေးတွင် တိုင်းရင်းသားပြည်သူများ အင်တိုက်အားတိုက်ပါဝင်ကြသည်နှင့်အမျှ အချိန်တိုအတွင်း အေးချမ်းသာယာလာမည်ဖြစ်သည်။

လက်ရှိမိမိတို့နိုင်ငံတွင် ဖြစ်ပေါ်နေသည့် အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းမှုများမှာ အကျိုးစီးပွား၊ အယူဝါဒ၊ ရည်မှန်းချက်စသည်တို့ မတူကွဲပြားကြပြီး စစ်ဘုရင်ဝါဒထူထောင်၍ နယ်မြေဒေသအလိုက် အာဏာရှင်များဖြစ်ရေး ကြိုးပမ်းနေကြခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ပြည်ထောင်စုနိုင်ငံတော်ကြီးကို တစ်ဖဲ့စီ၊ တစ်ဖဲ့စီ ကိုယ်ကျိုးစီးပွားအတွက် ဖဲ့ယူဖျက်ဆီးရန် တော်လှန်ရေးအမည်တပ်၍ လှည့်ဖြားဆောင်ရွက်နေကြခြင်းဖြစ်သည်။ ပြည်ထောင်စုဖွားအားလုံး တစ်မိသားစုတည်းဟူသော ပြည်ထောင်စုစိတ်ဓာတ်ခေါင်းပါးပြီး ကျဉ်းမြောင်းသည့်လူမျိုးရေးအမြင်နှင့် လူမျိုးခွဲခြားသည့်စိတ်ဓာတ်ကဲ့သို့သော ဒီမိုကရေစီနှင့် နည်းနည်းမျှ မအပ်စပ်သည့်စိတ်ဓာတ်များဖြင့် ၎င်းတို့၏ဦးနှောက်များ ဆေးကြောခံထားကြရသည်ကိုလည်း ထင်ထင်ရှားရှားတွေ့ခဲ့ကြရသည်။ ကျဉ်းမြောင်းသည့် လူမျိုးစွဲစိတ်ဓာတ်မျိုးကို ပြည်ထောင်စုစိတ်ဓာတ်ထက်သန်သည့် တိုင်းရင်းသားပြည်သူများအနေဖြင့် ဝိုင်းဝန်းတိုက်ဖျက်သွားကြရမည်လည်းဖြစ်သည်။

မကြာမီအေးချမ်းသည့် ဆောင်းရာသီနှင့်အတူ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ တစ်ပိုင်းပြီး တစ်ပိုင်း ကျင်းပမည့် ရွေးကောက်ပွဲကြီး အောင်မြင်ရေးအတွက် နိုင်ငံတစ်ဝန်း အေးချမ်းသာယာဖို့လိုသည်။ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရာတွင် တပ်မတော်၊ အုပ်ချုပ်ရေးအဖွဲ့အစည်း၊ လုံခြုံရေးအဖွဲ့အစည်းများနှင့်အတူ ပြည်သူတစ်ရပ်လုံးက ပါဝင်ကူညီဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

အောက်တိုဘာ ၁၈ ရက် (စနေနေ့) တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၇)၊ အမှတ်(၄၂) တွင် ဦးပြုံးချို၏ စေတနာနှင့် ဆုံးမသည့် စကားများကြောင့် အသိတရားကိုယ်စီ ရရှိသွားသည့် ဖြိုးရဲနှင့် ကိုထက်တို့အကြောင်းကို သရုပ်ဖော်ထားသည့် "ဦးပြုံးချို၏ စေတနာ" မျက်နှာဖုံးကာတွန်း၊ နဂါးငွေ့တန်းအကြောင်းကို ဗဟုသုတရဖွယ်ရေးသားထားသည့် "ကောင်းကင်အတွင်းရှိ နဂါးငွေ့တန်းများ" သုတကဏ္ဍ၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ အကြွားသန်သော ပိုပိုမှာ အမှန်တရားပေါ်သွား၍ ရှက်သွားသည့်အကြောင်း သရုပ်ဖော်ထားသည့် "ပိုပိုမပါဝင်သော ကြွားပို" နှစ်မျက်နှာကာတွန်း၊ စာစီစာကုံးရေးရန် သက်သီရိသိချင်သော အကြောင်းအရာများကို သူ့ဖေဖေ၏ ရှင်းပြပေးမှုကြောင့် သိရှိသွားသည်ကို ရေးသားထားသည့် "တို့တောရွာ" ဝတ္ထုကဏ္ဍ၊ ရွာသားများမှာ သူကြီးက ပျော်ရွှင်ပွဲများတွင် ဒိုးပတ်အိုးစည်ဝိုင်းများ မပြုလုပ်ရန် အမိန့်ထုတ်ရသည့်အကြောင်းကို သိရှိသွားသည့်အကြောင်း သရုပ်ဖော်ထားသည့် "တစ်ခါတုန်းက တို့ရွာမှာ" နှစ်မျက်နှာကာတွန်း၊ ကထိန်သင်္ကန်းလှူဒါန်းပုံ၊ ဘုံကထိန်များ လှည့်လည်ပုံ၊ ဘုန်းကြီးကျောင်းမှ ပြန်လည်ဧည့်ခံပုံနှင့် နှစ်စဉ်ကုသိုလ်ယူကြပုံအကြောင်းကို ရေးဖွဲ့ထားသည့် "ရွှေသွေးတို့နှဲ့ ကထိန်ပွဲ" ကဗျာကဏ္ဍ၊ မိုးများသည်းပြီး လျှပ်စီးများလက်ကာ မိုးကြိုးများပစ်လျှင် ကြောက်တတ်သည့် ပိုင်ပိုင်အကြောင်းကို သရုပ်ဖော်ထားသည့် "မန္တိုးလို့ပေါ့" မျက်နှာဝက်ကာတွန်း အပါအဝင် အင်္ဂလိပ်စာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**




**၁၇ - ၁၀ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၉၉၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈ - ၁၀ - ၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၀၅ | ၂၈၂၀ | ၂၇၈၅ | ၂၇၂၀ | ၂၈၂၅ | ၂၈၄၀ | ၂၈၅၅ | ၂၇၇၅ | ၄၅၀၅ | ၃၀၇၀ | ၂၇၉၅ | ၂၈၅၅ | ၂၈၆၅ | ၂၈၃၀ | ၂၈၅၀ | ၃၁၁၀ |
| 95 Ron | ၂၇၉၀ | ၂၉၀၅ | ၂၈၇၀ | ၂၈၀၅ | ၂၉၁၀ | ၂၉၂၅ | ၂၉၄၅ | ၂၈၆၅ | ၄၅၆၀ | ၃၁၅၅ | ၂၈၈၀ | ၂၉၃၅ | ၂၉၅၀ | ၂၉၁၅ | ၂၉၄၀ | ၃၁၉၅ |
| HSD (500 ppm) | ၂၄၆၅ | ၂၅၇၅ | ၂၅၄၅ | ၂၄၈၀ | ၂၅၈၅ | ၂၆၀၀ | ၂၆၁၅ | ၂၅၃၅ | - | ၂၈၃၀ | ၂၅၅၀ | ၃၀၇၀ | ၂၆၂၅ | ၂၅၉၀ | ၂၆၁၀ | ၂၈၆၅ |
| HSD (50 ppm) | ၃၀၀၀ | ၃၁၀၅ | ၃၀၈၀ | ၃၀၁၅ | ၃၁၂၀ | ၃၁၃၅ | ၃၁၅၅ | ၃၀၇၀ | ၄၈၃၀ | ၃၃၆၅ | ၃၀၉၀ | ၃၁၈၅ | ၃၁၆၀ | ၃၁၂၅ | ၃၁၄၅ | ၃၄၀၅ |
| HSD (10 ppm) | ၃၀၀၀ | ၃၁၀၅ | ၃၀၈၀ | ၃၀၁၅ | ၃၁၂၀ | ၃၁၃၅ | ၃၁၅၅ | ၃၀၇၀ | - | ၃၃၆၅ | ၃၀၉၀ | ၃၁၈၅ | ၃၁၆၀ | ၃၁၂၅ | ၃၁၄၅ | ၃၄၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၄၄ | ၂၆၂၉ |
| 95 Ron | ၂၆၂၉ | ၂၇၁၅ |
| HSD (500 ppm) | ၂၃၁၁ | ၂၃၈၆ |
| HSD (50 ppm) | ၂၈၃၂ | ၂၉၁၈ |
| HSD (10 ppm) | ၂၈၃၂ | ၂၉၁၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - မြင့်စိုး
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွှန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်အဖွဲ့များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

- ❑ NCA သည် တိုင်းရင်းသားများနှင့်တွေ့ဆုံဆွေးနွေး၍ တိုင်းရင်းသားများ၏ တောင်းဆိုချက်များအပေါ်မူတည်၍ ရေးဆွဲထားခြင်းဖြစ်
- ❑ NCA ကို အပြည့်အဝအကောင်အထည်ဖော်ရန်အတွက် ယခင်ကတည်းက ဆောင်ရွက်ခဲ့သော်လည်း ဒီမိုကရေစီ ဒုတိယအစိုးရသက်တမ်းတွင် အကြောင်းအမျိုးမျိုးကြောင့်နှောင့်နှေးခဲ့
- ❑ မိမိတို့ တာဝန်ယူဆောင်ရွက်ချိန်တွင် အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် တပ်မတော်မှ နိုင်ငံတော်တာဝန် ထမ်းဆောင်နေခြင်းဖြစ်သည့်အတွက် ဆက်လက်ဆွေးနွေးဆောင်ရွက်မှုမရှိ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ နှောင့်နှေးခဲ့
- ❑ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မိမိတို့အနေဖြင့် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားရန်လို

*ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင် အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင် ကိုယ်စားလှယ်အဖွဲ့များဖြစ်သည့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဥက္ကဋ္ဌ စောမြရာဇာလင်း၊ ဒီမိုကရေစီအကျိုးပြုကရင့်တပ်မတော် (DKBA) စစ်ရေးချုပ် စောစိန်ဝင်း၊ ကရင် အမျိုးသားအစည်းအရုံး-ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU) ဥက္ကဋ္ဌ ကျာဆော်လမွန်၊ မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုကော်မတီဝင် နိုင်ဗညားမွန်၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်းနှင့် ဗဟိုအလုပ်အမှု ဆောင်ကော်မတီဝင် စဝ်ဆောင်းဟန်၊ NCA တွင် ပါဝင်လက်မှတ်ရေးထိုးသူ ဦးခွန်ဥက္ကာနှင့် ဦးမျိုးဝင်း၊ တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ထိုသို့တွေ့ဆုံရာတွင် ဦးစွာနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်ပေးကြသည့် တိုင်းရင်းသားလက်နက်ကိုင် ကိုယ်စားလှယ်အဖွဲ့များအားလုံးကို နိုင်ငံတော်နှင့်တပ်မတော်မှ ဝမ်းမြောက်စွာဖြင့် ကြိုဆိုပါကြောင်း၊ NCA နှစ်ပတ်လည်အခမ်းအနားတွင် မိမိအနေဖြင့် လိုအပ်သည်များကို ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ NCA သည် တိုင်းရင်းသားများနှင့် တွေ့ဆုံဆွေးနွေး၍ တိုင်းရင်းသားများ၏ တောင်းဆိုချက်များအပေါ်မူတည်၍ ရေးဆွဲထားခြင်းဖြစ်ကြောင်း၊ NCA ကို အပြည့်အဝအကောင်အထည်ဖော်ရန်အတွက် ယခင်ကတည်းကဆောင်ရွက်ခဲ့သော်လည်း ဒီမိုကရေစီ ဒုတိယအစိုးရသက်တမ်းတွင် အကြောင်းအမျိုးမျိုးကြောင့်နှောင့်နှေးခဲ့ရကြောင်း၊ မိမိတို့ တာဝန်ယူဆောင်ရွက်ချိန်တွင် အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် တပ်မတော်မှ နိုင်ငံတော်တာဝန် ထမ်းဆောင်နေခြင်းဖြစ်သည့်အတွက် ဆက်လက်ဆွေးနွေးဆောင်ရွက်မှုမရှိ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ နှောင့်နှေးခဲ့ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မိမိတို့အနေဖြင့် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုကြောင်း။

စာမျက်နှာ ၄ သို့

စာမျက်နှာ ၃ မှ

ကြားကာလများတွင် မိမိနှင့်သော်လည်းကောင်း၊ မိမိ၏ ကိုယ်စားလှယ်အဖွဲ့များနှင့် သော်လည်းကောင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်၍ မိမိအနေဖြင့်လည်း သဘောတူညီပြီးဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ခေတ်ကာလအရ ပြင်ဆင်ရန်လိုအပ်သည်များရှိသည်ကို မိမိအနေဖြင့် သဘောပေါက်ကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး အခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို ဆွေးနွေးခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ဥပဒေပြင်ဆင်နိုင်ရေးအတွက် ကြိုတင်ဆွေးနွေးသကဲ့သို့ လွှတ်တော်တွင် အတည်ပြုပြင်ဆင်နိုင်ရန် လိုကြောင်း၊ NCA ကို အရှိန်ပြန်ရလာအောင် လာရောက်ပြီး ပူးပေါင်းဆောင်ရွက်ပေးသည့်အတွက် အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံကောင်းအောင် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရင်းရင်းနှီးနှီး ဆွေးနွေးတင်ပြ**

ယင်းနောက် တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်အဖွဲ့များက NCA လက်မှတ်ရေးထိုးထားသည့်သူများဖြစ်သည်နှင့်အညီ NCA လမ်းကြောင်းအတိုင်း နိုင်ငံအတွင်းငြိမ်းချမ်းရေးရရှိရေး ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ပါဝင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ NCA လမ်းကြောင်းပေါ်၌ နိုင်ငံတော်နှင့်တပ်မတော်၏ ဦးဆောင်မှုဖြင့် ခိုင်ခိုင်မာမာဆက်လက်လျှောက်လှမ်းသွားမည့်အခြေအနေများ၊ ရွေးကောက်ပွဲသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အရေးကြီးသည့် အခန်းကဏ္ဍတွင်ပါဝင်သဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး အဘက်ဘက်မှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြမည့်အခြေအနေများ၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ဆက်လက်ပါဝင်တက်ရောက်သွားမည့်အခြေအနေများ၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ပြီး ထွက်ပေါ်လာသည့်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၌ဆက်လက်ပါဝင် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆွေးနွေးပြောကြားရာတွင် NCA ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ရွေးချယ်ခံအစိုးရ၊ လွှတ်တော်ရှိရန်လိုကြောင်း၊ မူလစတင်လက်မှတ်ရေးထိုးစဉ်ကတည်းက လွှတ်တော်၊ အစိုးရ၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်ကြောင်း၊ NCA တွင် ပါဝင်ခဲ့ကြသည့်အဖွဲ့အစည်းများ အားလုံးပါဝင်ရန် လိုကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်နေခြင်း





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တိုင်းရင်းသားလက်နက်ကိုင် ကိုယ်စားလှယ်များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်စဉ်။







ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ရာတွင်လည်း လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေးနှင့် သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေးသည်အရေးကြီးကြောင်း၊ ထို့ကြောင့် မဲစာရင်းများ မှားယွင်းမှုမရှိစေရေး၊ ဆန္ဒမဲပေးခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးနိုင်ရေးဆောင်ရွက်လျက်ရှိသကဲ့သို့ မဲမသမာမှုများ ဆောင်ရွက်၍မရနိုင်သည့် မြန်မာအီလက်ထရောနစ်မဲပေးစနစ် (MEVM) များဖြင့် ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုအခြေခံပြီး NCA ကိုဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည့်အတွက် လက်ရှိအချိန်တွင် အခိုင်မာဆုံးဖြစ်ကြောင်း၊ အခြေခံဥပဒေအားပြင်ဆင်၍ ရသည်များကို ပြင်ဆင်ပေးသွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်ဆိုသော်လည်း မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရန်လိုကြောင်း၊ ဖက်ဒရယ်စနစ်တွင်လည်း အလားတူပင် ဖြစ်ကြောင်း၊ ကွဲပြားခြားနားမှုများရှိသော်လည်း မိမိတို့အနေဖြင့် အကောင်းဆုံးဖြစ်အောင် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ်ကာလတွင် ပြည်သူများအနေဖြင့် နိုင်ငံတော်အား ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းနိုင်ရေး တောင်းဆိုခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း တိုင်းရင်းသားများ၏အခွင့်အရေးများ မဆုံးရှုံးစေရေးအတွက် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကိုဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိ၏ NCA နှစ်ပတ်လည်နေ့မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည့်အတိုင်း အားလုံးက ဖြစ်ချင်တာထက် ဖြစ်နိုင်တာ၊ ဖြစ်သင့်တာကို ပိုမိုဦးစားပေးပြီး ဆောင်ရွက်သင့်ကြောင်း၊ **အထူးသဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် အရေးကြီးသဖြင့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့်** ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တိုင်းပြည်ခွဲထွက်ရေးကို တပ်မတော်အနေဖြင့် လုံးဝလက်မခံကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို တပ်မတော်အနေဖြင့် အလေးထားစောင့်ထိန်း လိုက်နာသွားမည်ဖြစ်ကြောင်း၊ လူအနည်းစု၏သဘောထားကို အလေးထားရမည်ဖြစ်သော်လည်း လူအများစု၏ ဆန္ဒကိုလည်း အားလုံးက လေးစားလိုက်နာရမည်ဖြစ်ကြောင်း၊ ဖြစ်ချင်သည်ထက် ဖြစ်သင့်သည် ဖြစ်နိုင်သည်များကို ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏အကျိုးကို ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရပြီးချိန်မှစတင်၍ ယနေ့အချိန်အထိ လွတ်လပ်ရေး၏ အသီးအပွင့်ကို မခံစားရသေးကြောင်း၊ မိမိတို့နိုင်ငံနှင့် အကျယ်အဝန်းအရ၊ လူဦးရေအရ၊ စီးပွားရေးအခြေခံအရ တူညီသည့်နိုင်ငံများနှင့် နှိုင်းယှဉ်ပါက များစွာနောက်ကျကျန်နေကြောင်း၊ ထို့ကြောင့် အားလုံးက တိုင်းပြည်ကောင်းအောင် ဆက်လက်ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

**အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းရင်းသားလက်နက်ကိုင် ကိုယ်စားလှယ်အဖွဲ့များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့်နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်

**မန္တလေး အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့်နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ လာရောက်ပေးအပ်လှူဒါန်းသည်။

ယနေ့လှူဒါန်းမှုတွင် စေတနာရှင်၊ အလှူရှင်များဖြစ်သည့် ခိုလုံလီရှော တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့က လှူဒါန်းငွေကျပ်သိန်း ၅၀၀ ကိုပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားများပြောကြားခဲ့ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးသင့်နေရာများတွင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် အောက်တိုဘာ ၁၇**

မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်း (MIFA)နှင့် မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော ဟိန္ဒူမျိုးနွယ်စုများ စုပေါင်းကျင်းပသည့် ဒီပါဝလီအထိမ်းအမှတ် အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာ သံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဟိန္ဒူမျိုးနွယ်စုများ၊ ဟိန္ဒူရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ဦးစွာ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့အား တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ဟိန္ဒူရိုးရာ ဒီပါဝလီအထိမ်းအမှတ် အခမ်းအနားမင်္ဂလာမုခ်ဦးကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများ၊ ဟိန္ဒူမျိုးနွယ်စုဝင်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ဟိန္ဒူရိုးရာ ကဘူးများမှုတ်ခြင်း၊ မိုးပျံပူဖောင်းများ လွှတ်တင်ခြင်းများကို ဆောင်ရွက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား ဟိန္ဒူရိုးရာတစ်ခုဖြစ်သည့် မွှန်မြတ်ပြီးမင်္ဂလာရှိသော ဟိန္ဒူရိုးရာ Pur Kumbham (ပုရ်ဏကုမ္ဘမ်) ဖြင့် ဆုတောင်းကြိုဆိုကြစဉ်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့အား ဟိန္ဒူရိုးရာ ဆီမီးနံ့သာဖြင့် ကြိုဆိုကြပြီး ဟိန္ဒူရိုးရာတစ်ခုဖြစ်သည့် မွှန်မြတ်ပြီး မင်္ဂလာရှိသော ဟိန္ဒူရိုးရာ Pur Kumbham (ပုရ်ဏကုမ္ဘမ်) ဖြင့် ဆုတောင်းကြိုဆို ဂါရဝပြုကြသည်။ ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဒီပါဝလီအထိမ်းအမှတ် အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေးပြခန်းများ၊ စီးပွားရေးလုပ်ငန်းပြခန်းများနှင့် မျိုးနွယ်စုများ၏ ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် လှည့်လည်ကြည့်ရှုကြသည်။

**ဒီပါဝလီအထိမ်းအမှတ် ဆီမီးထွန်းညှိပေး**

ထို့နောက် အခမ်းအနားအစီအစဉ်ဒုတိယပိုင်းကို ပြဇာတ်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနှင့် ဇနီး၊ တာဝန်ရှိသူများက ဒီပါဝလီအထိမ်းအမှတ် ဆီမီးထွန်းညှိပေးကြသည်။ ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနှင့် ဇနီးတို့က မင်္ဂလာဂုဏ်ပြုပဝါနှင့် ပန်းကုံးကို ဂါရဝပြုဆင်မြန်းပေးပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး သံရုံး ယာယီတာဝန်ခံတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ***စာမျက်နှာ ၆ သို့***




ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများ၊ ဟိန္ဒူမျိုးနွယ်စုဝင်များက ဟိန္ဒူရိုးရာ ဒီပါဝလီအထိမ်းအမှတ်အခမ်းအနား မင်္ဂလာမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

*စာမျက်နှာ ၅ မှ*

ယင်းနောက် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်း အတွင်းရေးမှူးနှင့်ဇနီးတို့က မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနှင့် ဇနီးတို့အား မင်္ဂလာဂုဏ်ပြုပဝါနှင့် ပန်းကုံးကို ဂါရဝပြုဆင်မြန်းပေးသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဟိန္ဒူရိုးရာ ဒီပါဝလီအထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက် ချီးမြှင့်ခြင်းနှင့်ပတ်သက်၍ ပြောကြားရာတွင် ဒီပါဝလီပွဲတော်သည် ဟိန္ဒူဘာသာဝင်များ အထွတ်အမြတ်ထားသည့် ရိုးရာမီးထွန်းပွဲတော်ဖြစ်ကြောင်း၊ “ဒီပ” ဆိုသည့် မီးအလင်းရောင်နှင့် “အာဝလိ” ဆိုသည့် စီတန်းခြင်းဆိုသည့် အဓိပ္ပာယ်တို့ကို ပေါင်းစပ်ထားခြင်းဖြစ်သည့်အတွက် ဒီပါဝလီဆိုသည်မှာ ဆီမီးအလင်းရောင်များဖြင့် စီတန်းထွန်းညှိပူဇော်ခြင်းဟု အဓိပ္ပာယ်ရသည်ဟု သိရှိရကြောင်း၊ ဒီပါဝလီပွဲတော်စတင်ဖြစ်ပေါ်ခဲ့သည့် နောက်ခံသမိုင်းကြောင်းအနေဖြင့် ရာမမင်းမြတ်သည် ရာဝဏဟုခေါ်သည့် ဒသဂီရိမင်းကို နှိမ်နင်းပြီး စစ်ပွဲမှန်သမျှ ဘယ်သောအခါမှ အရှုံးမရှိသည့် အယုဒ္ဓယ နေပြည်တော်ကို ပြန်လည်ဝင်ရောက်လာသည့်အချိန်သည် သီတင်းကျွတ်လကွယ် မှောင်မိုက်နေသည့် ညအချိန်အခါဖြစ်သဖြင့် ဆီမီးများထွန်းညှိပြီး ရာမမင်းမြတ်ကို ဆီမီးအလင်းရောင်ဖြင့် ကြိုဆိုပူဇော်ကြရာမှ ဒီပါဝလီပွဲတော်စတင်ခဲ့ခြင်းဖြစ်သည်ဟု လေ့လာသိရှိရကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒီပါဝလီအထိမ်းအမှတ် အခမ်းအနားတွင် ဆုမွန်တောင်းစကားပြောကြားစဉ်။

ဆီမီး ပူဇော်ခြင်းအားဖြင့် အမှောင်များ ပျောက်ကွယ်ပြီး အလင်းများ ရောက်လာသကဲ့သို့ မကောင်းသည်များ ကွယ်ပျောက်ပြီး ကောင်းခြင်းတရားများ ရောက်ရှိလာစေရန်၊ မျှော်လင့်ချက် ရောင်ခြည်များ ပြန်လည်ပြည့်ဝလာစေရန် ဆိုသည့် ယုံကြည်ချက်များဖြင့် အခုကဲ့သို့ ဆီမီးပူဇော်ကြခြင်းဖြစ်ကြောင်း၊ ဟိန္ဒူဘာသာဝင်များအတွက် ဒီပါဝလီနေ့သည် အခါထူးရက်မြတ်ဖြစ်ခြင်းကြောင့် လုပ်ငန်းအသစ်စတင်ခြင်း၊ စာရင်းဟောင်းချုပ်ပြီး စာရင်းအသစ် စတင်ခြင်းများ ပြုလုပ်ပါက မျှော်မှန်းထားသည့်အတိုင်း အောင်မြင်သည်ဆိုသည့် ယုံကြည်မှုများနှင့် ဆောင်ရွက်ကြသည်ကိုလည်း သိရှိရကြောင်း၊ ယခုကျင်းပသည့် ဒီပါဝလီမီးထွန်းပွဲတော်ကြောင့် မိမိတို့နိုင်ငံတွင် ယခုအချိန်ကစပြီး ပိုမိုကောင်းမွန်တိုးတက်သည့်အခြေအနေကောင်းများ ရရှိခံစားနိုင်မည်ဆိုသည်ကို ယုံကြည်ကြောင်း။

မိမိတို့ မြန်မာနိုင်ငံသည် တိုင်းရင်းသား လူမျိုးပေါင်းစုံနှင့် မတူကွဲပြားသည့် ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှုမျိုးစုံ စုပေါင်းတည်ရှိသည့် နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသူများ၏ ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှုနှင့်ပတ်သက်ပြီး တူညီသည့်အခွင့်အရေးများနှင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ကို ဖွဲ့စည်းပုံ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး သံရုံးယာယီ တာဝန်ခံနှင့်ဇနီးတို့က ဒီပါဝလီအထိမ်းအမှတ် ဆီမီးထွန်းညှိပေးကြစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေးပြခန်းများ၊ စီးပွားရေးလုပ်ငန်းပြခန်းများနှင့် မျိုးနွယ်စုများ၏ ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

အခြေခံဥပဒေနှင့်အညီ ခွင့်ပြုပေးထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ ကိုးကွယ်ယုံကြည်ရာ ဘာသာတရားအလျောက် ဘာသာရေးပွဲတော်များကိုလည်း အနှစ်သာရရှိရှိ ကျင်းပဆောင်ရွက်သွားကြရန် လွန်စွာအရေးကြီးကြောင်း။

### သင့်မြတ်စွာ စုစည်းနေထိုင်ရန်လိုအပ်

မတူကွဲပြားသည့် ဘာသာဝင်များအကြား မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဆိုသည့် ဗြဟ္မစိုရ်တရားလေးပါးကို လက်ကိုင်ထားပြီး သင့်မြတ်စွာ စုစည်းနေထိုင်ရန် လိုအပ်ကြောင်း၊ “စုပေါင်းညီညာ အောင်ကြောင်းဖြာ” ဆိုသည့် စကားအတိုင်း ဘာသာပေါင်းစုံ စုစည်းညီညွတ်စွာ နေထိုင်နိုင်ရေးအတွက် အခြေခံမှုများဖြစ်သည့် ဘာသာပေါင်းစုံက ဘာသာဝင်များ အချင်းချင်း အပြန်အလှန်လေးစားပြီး အတူတကွ အေးချမ်းစွာ နေထိုင်သွားကြရန်၊ ဘာသာရေး၊ လူမှုရေး ပဋိပက္ခများကြောင့် ဒုက္ခရောက်နေသူများကို ကူညီစောင့်ရှောက်ရန်၊ ဘာသာရေးနှင့် ဆက်နွယ်သည့် နစ်နာမှုများရှိလာပါက ဥပဒေနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးရန် စသော ကောင်းမွန်သည့် အခြေခံမှုများကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

### ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ

မိမိတို့သည် အမိမြေပေါ်တွင် အတူတကွ ကြီးပြင်းလာကြသူများဖြစ်သည့်အတွက် တစ်ဦး၏ ယုံကြည်ရာ ဘာသာတရားကို အခြားတစ်ဦးက လေးစားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံက ပိုင်ဆိုင်သည့် ဒီမြေ၊ ဒီရေ၊ ဒီလေကို တူညီစွာ သုံးစွဲနေထိုင်ကြသည့် မည်သည့်လူမျိုး၊ မည်သည့် ဘာသာဝင်ပင် ဖြစ်ပါစေ ပြည်ထောင်စုစိတ်ဓာတ်မွေးမြူပြီး နေထိုင်ကြရန် လိုကြောင်း၊ အဆိုပါ စိတ်ဓာတ်ကို အခြေခံပြီး အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုများက တစ်ဆင့် မြန်မာနိုင်ငံ၏အကျိုးကို ဝိုင်းဝန်းသယ်ပိုးကြဖို့လိုကြောင်း။

*စာမျက်နှာ ၇ သို့*





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ မြန်မာ- အိန္ဒိယ ရိုးရာယဉ်ကျေးမှုအကအဖွဲ့၊ ဟိန္ဒူရိုးရာယဉ်ကျေးမှုအကအဖွဲ့နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ယဉ်ကျေးမှုအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။

❖ **ယခု ဒီပါဝလီပွဲတော်မှစပြီး မိမိတို့နိုင်ငံသားအားလုံး တစ်ဦးအပေါ်တစ်ဦး ချစ်ခင်လေးစားမှု နားလည်ခွင့်လွှတ်မှုများ မျှဝေပေးပြီး အတိတ်ကမကောင်းသည့် အဟောင်းများကို ချန်ခဲ့ကာ အနာဂတ်နိုင်ငံတော်နှင့် ကမ္ဘာကြီးတွင် ငြိမ်းချမ်းသာယာမှုများ ဖြစ်ပေါ်လာအောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်**

*စာမျက်နှာ ၆ မှ*

*စာမျက်နှာ ၆ မှ*

မိမိတို့အနေဖြင့် နိုင်ငံတော်၏ အကျိုး၊ တိုင်းရင်းသား မိဘပြည်သူများ၏ အကျိုးအတွက် နိုင်ငံတော်ကိုပြည်သူလူထုလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်လျှောက်လှမ်းနိုင်ရန်အတွက် လာမည့် ဒီဇင်ဘာလ ၂၈ ရက်နေ့မှ စပြီး လွတ်လပ်ပြီးတရားမျှတသည့်ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို စတင်ကျင်းပပေးတော့မည် ဖြစ်ကြောင်း၊ ထို့နောက် ရွေးကောက်ပွဲရလဒ်အရ ထွက်ပေါ်လာသည့် အစိုးရကို ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်စေရေး ယခုကဲ့သို့ အဖွဲ့အစည်း အသီးသီးကလည်း နိုင်ငံ့အကျိုးမျှော်ကိုးပြီး ဆောင်ရွက်သွားကြရန် လိုကြောင်း။

ယခုကဲ့သို့ ဟိန္ဒူဘာသာဝင်တို့၏ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် ဆီမီးထွန်းညှိပူဇော်ပွဲကို ဦးစီးကျင်းပပေးခဲ့သည့် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံး၊ မြန်မာ-အိန္ဒိယ ကုန်သည်ကြီးများနှင့် ဟိန္ဒူမျိုးနွယ်စုအသင်းအဖွဲ့များ အားလုံးကို ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ ယခု ဒီပါဝလီပွဲတော်မှစပြီး မိမိတို့နိုင်ငံသားအားလုံး တစ်ဦးအပေါ်တစ်ဦး ချစ်ခင်လေးစားမှု နားလည်ခွင့်လွှတ်မှုများ မျှဝေပေးပြီးအတိတ်က မကောင်းသည့် အဟောင်းများကိုချန်ခဲ့ကာ အနာဂတ်နိုင်ငံတော်နှင့် ကမ္ဘာကြီးတွင် ငြိမ်းချမ်းသာယာမှုများ ဖြစ်ပေါ်လာအောင် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုဆုမွန်တောင်းစကား ပြောကြားလိုက်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံက အမှတ်တရစကားနှင့် ဒီပါဝလီအထိမ်းအမှတ် ပွဲတော်ကျင်းပရေး ဦးစီးကော်မတီနှင့် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားကြသည်။



ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများအား မြန်မာ- အိန္ဒိယ ရိုးရာယဉ်ကျေးမှု အကအဖွဲ့၊ ဟိန္ဒူရိုးရာ ယဉ်ကျေးမှု အကအဖွဲ့နှင့် အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်)မှ ယဉ်ကျေးမှု အဖွဲ့များက ဟိန္ဒူရိုးရာယဉ်ကျေးမှု အကပဒေသာများ၊ လူမျိုးစုများ၏ ရိုးရာအကများ၊ မြန်မာရိုးရာအကများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။ ဖျော်ဖြေမှုအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနှင့် ဇနီးတို့သည် ယဉ်ကျေးမှုအဖွဲ့များအား အမှတ်တရ ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဟိန္ဒူမျိုးနွယ်စုများ၊ ဟိန္ဒူရိုးရာ ယဉ်ကျေးမှုအဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❑ *ကျေးဇူးပြု၍*

- နိုင်ငံပိုင်အခြေခံအဆောက်အအုံများ တာဝန်ယူတည်ဆောက်နေသည့် ဆောက်လုပ်ရေးကုမ္ပဏီများအတွက် ယာယီချေးငွေ (အတိုးနှုန်း ၇ %)

ချေးငွေအစီအစဉ်တွင် ပါဝင်ဆောင်ရွက်မည့် ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအဖြစ် AYA Bank PCL၊ uab Bank PCL၊ CB Bank PCL၊ ရောဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်၊ ရိုးမဘဏ်၊ ဆောက်လုပ်ရေး အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ ကမ္ဘောဇဘဏ်၊ မြဝတီဘဏ်၊ အင်းဝဘဏ်၊ Best Merchant Finance Co., Ltd နှင့် Zega Finance Co., Ltd တို့အား ချေးငွေဆိုင်ရာစံပြုလုပ်ငန်းစဉ် (SOP) နှင့်အညီ ရွေးချယ်ထားပါသည်။ (SOP အသေးစိတ်အချက်များကို CBM Website www.cbm.gov.mm တွင် ကြည့်ရှုနိုင်ပါသည်။)

လျှော့ဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများရှိ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများအနေဖြင့် ချေးငွေအစီအစဉ်တွင် ပါဝင်ဆောင်ရွက်မည့် ဘဏ်များနှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများမှတစ်ဆင့် ချေးငွေများ လျှောက်ထားနိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(၁၇-၁၀-၂၀၂၅)

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ မီဒီယာသင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၇**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ မီဒီယာဖွံ့ဖြိုးရေး ကော်မတီက စီစဉ်ဖွင့်လှစ်သည့် မီဒီယာသင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်းရှိ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဗဟိုအလုပ်အမှုဆောင်နှင့်တာဝန်ရှိသူများ၊ သင်တန်းဆရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး ဦးစွာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဦးတင်ကိုကိုက သင်တန်းဆင်းအမှာစကား ပြောကြား၍ သင်တန်းမှူး ဦးစိန်တိုး (ဆန်းလင်း) က သင်တန်းကာလအတွင်း ကြုံတွေ့ရသည့် အားနည်းချက် အားသာချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသားတစ်ဦးချင်းသို့ သင်တန်းဆင်း လက်မှတ်များနှင့် လက်ဆောင်များ ပေးအပ်ကြပြီး သင်တန်းသားများ ကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၁၇ ရက်အထိ အပတ်စဉ်သောကြာနေ့တိုင်းဖွင့်လှစ်ပြီး မီဒီယာကျင့်ဝတ်နှင့် တာဝန်ဘာသာရပ်၊





ဓာတ်ပုံပညာ၊ ဗီဒီယိုတည်းဖြတ်ခြင်း၊ ကာတွန်းရေးဆွဲခြင်းနှင့် တည်းဖြတ်ခြင်းဘာသာရပ်များကို အတွေ့အကြုံ ရင့်ကျက်သည့် ပညာရှင်များက သင်ကြားပို့ချခဲ့သည်။ သင်တန်းသို့ သတင်းစာ၊ ဂျာနယ်များမှ သတင်းထောက်များ၊ အလွတ်တန်း သတင်းထောက်များ၊ ဌာနဆိုင်ရာများမှ မီဒီယာတာဝန်ရှိသူများ၊ စာရေးဆရာများအပြင် ပြင်ပမှ လေ့လာသူ သင်တန်းသား ၂၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

၂၀၂၅ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ ဂုဏ်ပြုဆောင်းပါး

# အနာဂတ်စားရေရိက္ခာဖူလုံဖို့ လက်တွဲဆောင်ရွက်ကြပါစို့

**ကုလသမဂ္ဂ၏ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO)ကို စတင်တည်ထောင်ခဲ့သည့် ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် အောက်တိုဘာလ ၁၆ ရက်နေ့ကို ကမ္ဘာ့စားနပ်ရိက္ခာနေ့ (World Food Day) အဖြစ် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ဝင် နိုင်ငံအသီးသီး၌ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပလေ့ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် အခမ်းအနားကို နှစ်စဉ်အလေးထား ကျင်းပဆောင်ရွက်ပေးလျက်ရှိပါသည်။**

တီဒီကေ

ယခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့၏ ဆောင်ပုဒ်မှာ “အနာဂတ်စားရေရိက္ခာဖူလုံဖို့ လက်တွဲဆောင်ရွက်ကြပါစို့” "Hand in Hand for Better Foods and a Better Future" ဖြစ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးအတွက် စားနပ်ရိက္ခာဖူလုံရေးကို အလေးထားဆောင်ရွက်ရန်လိုကြောင်း ထင်ဟပ်စေပါသည်။


ဓာတ်ပုံ- MOALI ပြန်ကြားရေး

**စားရေရိက္ခာဖူလုံမှုမှာ အားနည်းလျက်ရှိ**

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ ကမ္ဘာ့လူဦးရေ ၈ ဒသမ ၁ ဘီလီယံခန့်အနက် လူဦးရေ ၆၇၃ သန်းသည် ဆာလောင်မှုနှင့်ရင်ဆိုင်နေရပြီး လူဦးရေ သန်း ၉၀၀ ခန့်သည် အဝလွန်နေကြောင်း သိရှိရပါသည်။ စားရေရိက္ခာ၏ သုံးပုံတစ်ပုံခန့်သည် ဆုံးရှုံးမှုများ၊ စွန့်ပစ်ပစ္စည်းများအဖြစ် အလေအလွင့် ဖြစ်ပေါ်လျက်ရှိပါသည်။ မြေပိုင်ဆိုင်မှု ငါးကေထက်နည်းသော လုပ်ကွက်ငယ်တောင်သူများသည် ကမ္ဘာ့ကယ်လိုရီလိုအပ်ချက်ပမာဏ၏ ၁၆ ရာခိုင်နှုန်းကို ထုတ်လုပ်ပြီး လုပ်ကွက်


ဓာတ်ပုံ- MOALI ပြန်ကြားရေး

ငယ် ငါးဖမ်းသမားများသည် ကမ္ဘာ့ငါးဖမ်းဆီးမှု၏ ၄၀ ရာခိုင်နှုန်းအထိ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် စိုက်ပျိုးရေးကဏ္ဍတွင် အမျိုးသမီးများ၏ လုပ်အားခသည် အမျိုးသားများထက် လျော့နည်းရရှိလျက်ရှိပါသည်။ ကမ္ဘာ့လူဦးရေ၏ ၂ ဒသမ ၆ ဘီလီယံကျော်သည် ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများကို ဝယ်ယူစားသုံးရန် မတတ်နိုင်ခြင်း၊ ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှု၊ သဘာဝသယံဇာတများ ရှားပါးလာမှု၊ ဈေးနှုန်းမတည်ငြိမ်မှု၊ ပဋိပက္ခဖြစ်ပေါ်မှုများကြောင့် စားရေရိက္ခာဖူလုံမှုမှာ အားနည်းလျက်ရှိပါသည်။ ကမ္ဘာလုံးဆိုင်ရာ စားရေရိက္ခာစနစ် တိုးတက်မှုများရှိသော်လည်း အာဟာရချို့တဲ့မှု၊ ဆာလောင်မှု၊ အဝလွန်မှု၊ အစားအစာ အလေအလွင့်ဖြစ်ပေါ်မှုများ ဖြစ်ပေါ်နေဆဲဖြစ်ပါသည်။

ထိခိုက်လွယ်သော အုပ်စုများဖြစ်သည့် လုပ်ကွက်ငယ်တောင်သူများ၊ ဒေသခံတိုင်းရင်းသားများ၊ အမျိုးသမီးများ၊ လူငယ်များ၊ ကလေးသူငယ်များနှင့် မသန်စွမ်းသူများသည် မြေယာပိုင်ဆိုင်ခွင့်၊ ငွေကြေးအထောက်အပံ့ရရှိရေးနှင့် ရာသီဥတုဖောက်ပြန်မှုကို ခံနိုင်ရည်ရှိရေးတို့တွင် အခက်အခဲများစွာနှင့် ရင်ဆိုင်နေရပါသည်။

ထို့ကြောင့် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကလည်း “ပိုမိုကောင်းမွန်သောအာဟာရ၊ ပိုမိုကောင်းမွန်သော ထုတ်လုပ်မှု၊ ပိုမိုကောင်းမွန်သော ပတ်ဝန်းကျင်၊ ပိုမိုကောင်းမွန်သောဘဝ” စသည့် ပိုမိုကောင်းမွန်ရန် ဖြည့်ဆည်းရမည့် အချက်လေးချက်ကို လမ်းညွှန်ချက်အဖြစ် ချမှတ်ခဲ့ခြင်းဖြစ်ပါသည်။

> ❖ **စားရေရိက္ခာထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုကွင်းဆက် ချောမွေ့စေရေး၊ သီးနှံများ လေလွင့်ဆုံးရှုံးမှုလျော့နည်းစေရေး၊ သိုလှောင်မှုစနစ်များ ကောင်းမွန်စေရေး၊ ထွက်ရှိလာသော ထွက်ကုန်များကို သင့်လျော်သော ဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက်နှင့် တိုက်ရိုက်ချိတ်ဆက်နိုင်သော စနစ်များကို ဖန်တီးပေးရပါမည်**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥက္ကဋ္ဌ ယာယီသမ္မတက “တိုင်းပြည်သာယာဝပြောရေး”၊ “စားရေရိက္ခာပေါများရေး”ဟူသော အမျိုးသားရေး လုပ်ငန်းစဉ် (၂) ရပ်ကို ချမှတ်ပေးထားသည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့်လည်း လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှု တိုးတက်မြင့်မားရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပါသည်။

**ရေရှည်တည်တံ့သော စိုက်ပျိုးမွေးမြူရေး**

မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍသည် နိုင်ငံ့စီးပွားရေးကို အဓိကမောင်းနှင်နေသည့် ကဏ္ဍကြီးဖြစ်ပြီး စားရေရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေးအတွက် ရေရှည်တည်တံ့သော စိုက်ပျိုးမွေးမြူရေး ဖြစ်အောင် မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ဤသို့ဆောင်ရွက်ရာတွင် ပြည်တွင်းစားသုံးမှု ဖူလုံရန်သာမက ပြည်ပပို့ကုန်မြှင့်တင်ရေးအတွက် သီးနှံ၊ သားငါးကဏ္ဍအလိုက် နှစ်စဉ်စီမံကိန်းများ၊ နှစ်တိုငါးနှစ်စီမံကိန်း၊ နှစ်ရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၄-၂၀၂၅ ခုနှစ်တွင် လယ်ယာကဏ္ဍကြီးသည် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၏ ၂၅ ဒသမ ၃ ရာခိုင်နှုန်းပါဝင်ပြီး တိုးတက်မှုနှုန်းအနေဖြင့် ၁ ဒသမ ၄ ရာခိုင်နှုန်း ရရှိခဲ့ပါသည်။

သီးနှံစိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် စပါး၊ ပြောင်း၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများအပါအဝင် သီးနှံမျိုးစုံကို စုစုပေါင်း စိုက်ဧရိယာဧက ၅၂ ဒသမ ၀၃ သန်း စိုက်ပျိုးနိုင်ခဲ့ပါသည်။ ၎င်းအထဲတွင် စပါးစိုက်ပျိုးမှုအနေဖြင့် ဧက ၁၇ ဒသမ ၆၃ သန်း စိုက်ပျိုးခဲ့ပြီး အထွက်တင်းပေါင်း ၁၄၅၁ ဒသမ ၉၇ သန်း ထုတ်လုပ်နိုင်ခဲ့ပါသည်။ အစေ့ထုတ်ပြောင်းဧက ၁ ဒသမ ၅၅ သန်း စိုက်ပျိုးခဲ့ပြီး အထွက်တင်းပေါင်း ၉၈ ဒသမ ၈၀ သန်း၊ ပဲမျိုးစုံအနေဖြင့် ဧက ၁၀ ဒသမ ၉၁ သန်း စိုက်ပျိုးခဲ့ပြီး အထွက်တင်းပေါင်း ၂၀၁ ဒသမ ၁၇ သန်း ရရှိခဲ့ပါသည်။ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီမုန်လာ၊ မုန်ညင်းစေ့၊ ပန်းနှမ်း စသည့်သီးနှံများကို ဧကပေါင်း ၈ ဒသမ ၇၇ သန်း စိုက်ပျိုးခဲ့ပြီး အထွက်တင်းပေါင်း ၂၅၅ ဒသမ ၁၄ သန်း ထွက်ရှိခဲ့ပါသည်။ ဆီအုန်းသီးနှံအား ဧက ၀ ဒသမ ၃၉ သန်း စိုက်ပျိုးခဲ့ရာ ဆီသီးခိုင်တန် ၀ ဒသမ ၆၂ သန်း ထွက်ရှိခဲ့ပါသည်။

စားရေရိက္ခာဖူလုံမှုရှိစေရေးအတွက် သီးနှံများအပြင် အသား၊ ငါး ပုစွန်၊ ဥ၊ နို့ တို့ကိုလည်း တိုးတက်ထုတ်လုပ်လျက်ရှိရာ ၂၀၂၄-၂၀၂၅ ခုနှစ်မှာ အသားထုတ်လုပ်မှု မက်ထရစ်တန် ၁ ဒသမ ၂၆ သန်း၊ ဥလုံးရေ ၆၂၇၃ သန်း၊ နို့မက်ထရစ်တန် ၂ ဒသမ ၁၅ သန်း ထုတ်လုပ်နိုင်ခဲ့ပြီး ငါး ပုစွန်ထုတ်လုပ်မှုအနေဖြင့် ရေချိုငါးပုစွန် မက်ထရစ်တန် ၂ ဒသမ ၉၆ သန်းနှင့် ရေငန်ငါးပုစွန် မက်ထရစ်တန် ၃ ဒသမ၃၆ သန်း အသီးသီးထုတ်လုပ်နိုင်ခဲ့ပါသည်။

ပြည်ပတင်ပို့မှုအနေဖြင့် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ ဘီလီယံ ရရှိခဲ့ပြီး ပို့ကုန်တန်ဖိုးစုစုပေါင်း၏ ၃၂ ရာခိုင်နှုန်းခန့် ပါဝင်ခဲ့ပါသည်။ တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၆၁ သန်း၊ ၀ ဒသမ ၀၇ ရာခိုင်နှုန်းနှင့် ရေထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၁၁ ဒသမ ၈၁ သန်း၊ ၄ ဒသမ ၈၁ ရာခိုင်နှုန်း ရရှိခဲ့ပါသည်။

**စားရေရိက္ခာစနစ်ကို အသွင်ကူးပြောင်း**

စားရေရိက္ခာစနစ်ကို အသွင်ကူးပြောင်းရန် လိုအပ်လျက်ရှိရာ ရေရှည်တည်တံ့သော စိုက်ပျိုးရေးနည်းပညာများကို အသုံးပြုဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ အလွန်အကျွံ အသုံးပြုခြင်းကို လျှော့ချပြီး သဘာဝမြေဩဇာနှင့် သဘာဝပိုးသတ်ဆေးများကို တိုးမြှင့်သုံးစွဲခြင်း၊ ဇီဝမျိုးစုံမျိုးကွဲကို ထိန်းသိမ်းခြင်းအားဖြင့် ရောဂါဒဏ်ခံနိုင်ရည်ရှိမှုကိုလည်း မြှင့်တင်နိုင်မည်ဖြစ်ပြီး စားရေရိက္ခာဖူလုံမှုကို အထောက်အကူပြုစေမည်ဖြစ်ပါသည်။ ထို့ပြင် မိုးခေါင်ရေရှားမှုနှင့် ရေလွှမ်းမိုးမှုဒဏ်ကို ခံနိုင်ရည်ရှိသည့် သီးနှံများကို ရွေးချယ်စိုက်ပျိုးခြင်းနှင့် ရေအသုံးပြုမှုကို စနစ်တကျစီမံခန့်ခွဲခြင်းတို့က ရာသီဥတုပြောင်းလဲမှုဒဏ်ကို ထိရောက်စွာ တုံ့ပြန်နိုင်မည်ဖြစ်ပါသည်။

ထို့ပြင် စားရေရိက္ခာထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုကွင်းဆက် ချောမွေ့စေရေး၊ သီးနှံများ လေလွင့်ဆုံးရှုံးမှုလျော့နည်းစေရေး၊ သိုလှောင်မှုစနစ်များ ကောင်းမွန်စေရေး၊ ထွက်ရှိလာသော ထွက်ကုန်များကို သင့်လျော်သောဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက်နှင့်တိုက်ရိုက်ချိတ်ဆက်နိုင်သောစနစ်များကို ဖန်တီးပေးရပါမည်။

ထို့အတူ ရေရှည်တည်တံ့သော စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် မူဝါဒများချမှတ်ပြီး အစိုးရ၊ ပုဂ္ဂလိက၊ တောင်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရမည့်အပြင် စိုက်ပျိုးရေးဆိုင်ရာ သုတေသနများ၊ မွေးမြူရေးဆိုင်ရာ သုတေသနများကို အားပေးပြီး သုတေသနပြု၍ရရှိသော နည်းပညာများကို တောင်သူများထံ ဖြန့်ဝေပေးခြင်းဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၂၀၂၅ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အတွက်သတ်မှတ်ထားသည့် “အနာဂတ်စားရေရိက္ခာဖူလုံဖို့ လက်တွဲဆောင်ရွက်ကြပါစို့”ဟူသော ဆောင်ပုဒ်နှင့်အညီ မိမိတို့၏ နိုင်ငံသူနိုင်ငံသားအားလုံး၊ ကမ္ဘာပေါ်ရှိ လူသားအားလုံး ငတ်မွတ်မှုနှင့် အာဟာရချို့တဲ့မှုကင်းစင်ပြီး စားရေရိက္ခာဖူလုံရေးအတွက် မိမိတို့အားလုံး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ကမ္ဘာ့စားနပ်ရိက္ခာနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

၇၁

ရက်

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၈-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၅/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၁) ကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက် နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၅-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၀/၂၀၂၅) ဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၅၁/၂၀၂၅) ဖြင့် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၅၂/၂၀၂၅) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များကို လည်းကောင်း၊ ကြေညာချက်အမှတ် (၅၃/၂၀၂၅) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များကို လည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁) တွင် ပါဝင်သည့် မြို့နယ်များကို သတ်မှတ်ကြေညာပြီးဖြစ်သည်။

## “ငြိမ်းချမ်းသောမြန်မာ့အနာဂတ်တည်ဆောက်ခြင်း” အလုပ်ရုံဆွေးနွေးပွဲ တတိယနေ့ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၇

**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အစီအစဉ်အဖြစ် “ငြိမ်းချမ်းသောမြန်မာ့အနာဂတ်တည်ဆောက်ခြင်း” အလုပ်ရုံဆွေးနွေးပွဲတတိယနေ့ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့် နိဂုံးချုပ်စကား ပြောကြားစဉ်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင်၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ တပ်မတော် အငြိမ်းစား အရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ(JMC)မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများ၊အသင်းအဖွဲ့ကိုယ်စားလှယ်များ၊ မီဒီယာများနှင့်လေ့လာသူများ တက်ရောက်ကြသည်။

ထို့နောက် **“NCA ၁၀ နှစ်တာကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်နိုင်မှုများ၊ အောင်မြင်မှုများနှင့် သင်ခန်းစာများကို သုံးသပ်ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ပြန်လည်စုံလင်စွာ ပါဝင်လာနိုင်ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် စိန်ခေါ်မှုနှင့် ပြဿနာ အကြောင်းအရာများ အပေါ် ရေတို၊ ရေရှည်ဆောင်ရွက်နိုင်မည့်နည်းဗျူဟာများ ဖော်ထုတ်ခြင်း”** ခေါင်းစဉ်ဖြင့် ဆွေးနွေးကြရာ သဘာပတိ ဗိုလ်ချုပ် စိုးနိုင်ဦး (ငြိမ်း) က အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (ငြိမ်း)၊ ငြိမ်းချမ်းရေးတွင် ပါဝင်ဆောင်ရွက်ခဲ့သူ ဦးအောင်နိုင်ဦး၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ဒေါ်စောမြရာဇာလင်းနှင့်ဦးမျိုးဝင်းတို့က ဦးဆောင်ဆွေးနွေးကြသည်။

ယင်းနောက် စကားဝိုင်းအလိုက် ဆွေးနွေးကြပြီး စကားဝိုင်းအလိုက် ကိုယ်စားလှယ်များက အကြံပြုချက်များ တင်ပြဆွေးနွေးခြင်း၊ မေးခွန်းများ မေးမြန်းခြင်းအပေါ် သဘာပတိနှင့် ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းခြင်းတို့ ဆောင်ရွက်ကြသည်။



မွန်းလွဲပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနား ကျင်းပရာ ဆွေးနွေးချက်အကြောင်းအရာများအပေါ် သဘာပတိ ဗိုလ်ချုပ် စိုးနိုင်ဦး(ငြိမ်း)က ပြန်လည်သုံးသပ် ဆွေးနွေးခြင်း၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဆွေးနွေးမှုရလဒ်များ စုစည်းချက်အား တင်ပြခြင်း၊ NCA တွင် ပါဝင် လက်မှတ်ရေးထိုးခဲ့သူ ဦးအောင်မင်းက “ငြိမ်းချမ်းသော မြန်မာ့အနာဂတ် တည်ဆောက်ခြင်း” အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်၍ လိုအပ်သည်များ ဖြည့်စွက် ဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြသည်။

ဆက်လက်၍ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် KNU/KNLC-PC ဒုတိယဥက္ကဋ္ဌ ဒေါက်တာ နော်က ပေါ်ထူးနှင့် NCA အသိသက်သေ ဦးဇိုဇမ်တို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ထို့နောက်အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီအတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(ငြိမ်း) တို့က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်း၊ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် က အမှတ်တရလက်ဆောင်များ ပေးအပ်ခြင်းတို့ ဆောင်ရွက်ကြပြီး အမျိုးသား စည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်စကား ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ဖြင့် ဆန္ဒမဲပေးခြင်း နှင့်စပ်လျဉ်း၍ အသိပညာပေးခြင်း နှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း တို့ကို သရုပ်ပြရှင်းလင်းခဲ့ကြ ကြောင်း သိရသည်။ (ဝဲပုံ)

**သတင်းစဉ်**

# တိုင်းရင်းသားဒေသက ပြည်သူလူထုတွေအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ဘယ်လိုရှုထောင့်က ပါဝင်နိုင်မလဲဆိုတာကို မှန်မှန်ကန်ကန်သုံးသပ်ပြီး ပူးပေါင်းပါဝင်ကြဖို့ လိုအပ်မယ်လို့ ထင်ပါတယ်

ဦးယန်ကျင်ကန်


ဒေါက်တာ အမ်ခွန်လှ


ဦးယန်ကျင်ကန်


စောခွန်ကျော်ဝင်း


ဦးကျော်ကျော်ဦး


ဒေါ်လှဲ့လှဲ့သိန်း

နိုင်ငံတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးသည် မရှိမဖြစ်လိုအပ်သည်။ ပြည်တွင်းပဋိပက္ခများကို နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်းအဖြေရှာပြီး ငြိမ်းချမ်းရေးရယူရန်အတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) သည် အခြေခံ အုတ်မြစ်ဖြစ်သည်။

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်နှင့် ထိုင်းနိုင်ငံတို့မှ အစိုးရကိုယ်စားလှယ်များ၏ ရှေ့မှောက်၌ နိုင်ငံတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည့် NCA သည် ယခု ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ၁၀ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ အောက်တိုဘာ ၁၅ ရက်မှ ၁၇ ရက်အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ရာ NCA ကို အခြေခံပြီး ငြိမ်းချမ်းသော အနာဂတ်နိုင်ငံတော် ဖော်ဆောင်ရေးအတွက် တက်ရောက်လာကြသူများ၏ စကားသံများကို စုစည်းတင်ပြလိုက်ရပါသည် –

**ဒေါက်တာ အမ်ခွန်လှ**
**နိုင်ငံရေးလေ့လာသူ**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အခက်အခဲများစွာထဲက ဆက်လက်ကြိုးစားနေဆဲလို့ ပြောရမှာ ဖြစ်ပါတယ်။ NCA မှာ လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့တွေနဲ့ ဆက်လက်ဆွေးနွေးဖို့ လိုနေတယ်။ ကျန်နေတဲ့အဖွဲ့တွေနဲ့ဆိုရင် တစ်ဖွဲ့ချင်း သော်လည်းကောင်း၊ အားလုံးနဲ့သော်လည်းကောင်း အစိုးရနဲ့ Bilateral ဆွေးနွေးမှုတွေလုပ်ဖို့လိုပါတယ်။ နိုင်ငံတကာနဲ့ ပြည်တွင်းက ကြားဝင်စေ့စပ်သူတွေရဲ့ အခန်းကဏ္ဍလည်း လိုပါတယ်။ ဒါကို ဖြစ်မြောက်အောင် အကြံပြုနေပါတယ်။ NCA (၁၀)နှစ်ပြည့် ဆွေးနွေးပွဲက အရွေ့ကောင်းပါတယ်။ မေးခွန်းတွေကလည်းကောင်းတယ်။ Guideline ထုတ်တာလည်း ကောင်းပါတယ်။

ငြိမ်းချမ်းရေးရော၊ ဖွံ့ဖြိုးတိုးတက်ရေးရော နှစ်ဖက်စလုံး မျှတတဲ့ မေးခွန်းတွေပါတယ်။ လက်ရှိအစိုးရနဲ့ နောင်ဆက်လက်ဆောင်ရွက်ရမယ့် အစိုးရအတွက် အကြံပြုချက်တွေ တော်တော်များများထွက်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပထဝီစီးပွားရေးဆိုင်ရာ အခွင့်အလမ်းက ကြီးမားပါတယ်။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ဒါကို ရှေ့ဆက်လက်ပြီး ကြိုးစားရမယ်လို့ မြင်ပါတယ်။ တကယ်တော့ အစိုးရရော၊ ပြည်သူလူထုရော၊ ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေရော အားလုံးက ဒီအခြေအနေမှာ ပင်ပန်းနေကြပြီ။ ဒါကို တော်သင့်ပြီ။ ရပ်သင့်ပြီလို့ထင်ပါတယ်။ ပထဝီနိုင်ငံရေးအရ၊ ပထဝီစီးပွားရေးအရ ဒီလောက်အခွင့်အလမ်းအများကြီး တည်ရှိနေတဲ့ နိုင်ငံတစ်ခုဖြစ်တဲ့အတွက် ဆင့်ကဲပြောင်းလဲ နိုင်ငံရေးဖြစ်စဉ်တည်ဆောက်ပြီး တစ်ဆင့်ချင်းသွားရမယ်၊ လူထုပါဝင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေ လုပ်ကိုလုပ်ရမယ်၊ အားလုံးဝိုင်းဝန်းတိုက်တွန်းမယ်ဆိုရင် ဒီအရွေ့က ပြောင်းကိုပြောင်းပါတယ်။

**ဦးယန်ကျင်ကန်**
**ဥက္ကဋ္ဌ၊ ကိုးကန့်ဒီမိုကရေစီနှင့်**
**ညီညွတ်ရေးပါတီ**

NCA ကို ၂၀၁၅ ခုနှစ်မှာ လက်မှတ်ရေးထိုးထားခဲ့ကြတယ်။ NCA ဆိုတာက ကျွန်တော်တို့နိုင်ငံမှာ မရှိမဖြစ်လိုအပ်နေတဲ့ လုပ်ငန်းစဉ်တစ်ခုပါ။ ငြိမ်းချမ်းမှုအရာရာ ဆက်လက်လုပ်ဆောင်လို့ရမှာပါ။ အထူးသဖြင့် ကျွန်တော်တို့ တိုင်းရင်းသားဒေသတွေမှာ ငြိမ်းချမ်းမှုမရှိခြင်းရဲ့ အကျိုးဆက်တွေကို မျက်ဝါးထင်ထင် ခံစားနေရတဲ့အတွက် ငြိမ်းချမ်းရေးကို မဖြစ်မနေလိုအပ်တယ်လို့ ခံယူပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အဓိကက တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေများတဲ့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က အခက်အခဲတော့ရှိနေမှာပါ။ ဒါပေမယ့် အခက်အခဲရှိလို့ ရပ်နားထားရမယ့် လုပ်ငန်းစဉ်မဟုတ်ပါဘူး။ ဒီငြိမ်းချမ်းရေး လုပ်ငန်းစဉ်အရွေ့ကို ရှေ့ဆက်လက်သွားနိုင်အောင် တွန်းပို့နေရမှာဖြစ်ပါတယ်။ ဘက်စုံက လိုအပ်ပါလိမ့်မယ်။

နိုင်ငံတကာက Think Tank ပညာရှင်တွေလည်း ပါဝင်တဲ့အတွက် ဒီမိုကရေစီက ရွေးကောက်ပွဲနဲ့ ဘယ်လိုဆက်စပ်တယ်ဆိုတဲ့ အကြံပြုချက်တွေပေးပါတယ်။ လက်ရှိနိုင်ငံတော်က သွားမယ့်အရွေ့ကလည်း ရွေးကောက်ပွဲကနေ သွားမှာဖြစ်တဲ့အတွက် ကောင်းတဲ့အကြံပြုချက်ကို ပေးနိုင်လိမ့်မယ်လို့ ယူဆပါတယ်။ တိုင်းရင်းသားဒေသက ပြည်သူလူထုတွေအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ဘယ်လိုရှုထောင့်က ပါဝင်နိုင်မလဲဆိုတာကို မှန်မှန်ကန်ကန်သုံးသပ်ပြီး ပူးပေါင်းပါဝင်ကြဖို့ လိုအပ်မယ်လို့ ထင်ပါတယ်။

**စောခွန်ကျော်ဝင်း**
**အတွင်းရေးမှူး(၂)၊**
**ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်**

ဒီနေ့က အလုပ်ရုံဆွေးနွေးပွဲ သုံးရက်မြောက်ရှိခဲ့ပြီ။ ဆွေးနွေးချက်တွေကလည်း အားရစရာကောင်းပါတယ်။ ရွေးကောက်ပွဲအပြီး ထွက်ပေါ်လာမယ့် အစိုးရအတွက်လည်း ရှေ့ဆက်လက်အကောင်အထည်ဖော်ဖို့ အချက်အလက်တွေ အများကြီး ဆွေးနွေးနိုင်ခဲ့ပါတယ်။ အစိုးရနဲ့ တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးကို ရအောင်ဖော်ဆောင်ဖို့ ဆုံးဖြတ်ထားပြီးသားဆိုတာ တွေ့မြင်ရတယ်။ အနာဂတ်မြန်မာနိုင်ငံတော်အတွက် ငြိမ်းချမ်းရေးကို မဖြစ်မနေရအောင် ဆောင်ရွက်သွားမယ်ဆိုတာ တွေ့ရတယ်။ NCA က နိုင်ငံတကာကရော၊ အားလုံးက အသိအမှတ်ပြုထားတဲ့အတွက် ခိုင်မာတယ်။ ဒါကြောင့် မပျက်ဘူး။ NCA လမ်းကြောင်းကို ရောက်အောင်သွားမယ်ဆိုတာ တွေ့ရတယ်။ ငြိမ်းချမ်းရေးမရရင် အဓိက ခံစားရမှာ ပြည်သူတွေပါ။ ပညာရေး၊ ကျန်းမာရေး အရာအားလုံးမှာ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်ခဲ့မှာပါ။ တိုင်းပြည်က ငြိမ်းချမ်းဖို့လိုပါတယ်။ မငြိမ်းချမ်းမှုရဲ့ အသီးအပွင့်ကို ပြည်သူတွေပဲ ခံစားရတာဖြစ်တဲ့အတွက် ငြိမ်းချမ်းဖို့ အားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ လိုတယ်လို့ တိုက်တွန်းချင်ပါတယ်။

**ဦးကျော်ကျော်ဦး**
**ပါဝင်သင့်ပါဝင်ထိုက်သူများ**

NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားက စည်စည်ကားကား အောင်အောင်မြင်မြင်နဲ့ ကျင်းပနိုင်ပြီး အောင်မြင်မှုတွေကိုလည်း တွေ့မြင်ရပါတယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲက ရွေးကောက်ပွဲနဲ့ နောင်ထွက်ပေါ်လာမယ့် အစိုးရသစ်အတွက် အတော်အကျိုးသက်ရောက်မှုတွေ ဖြစ်ထွန်းစေမှာဖြစ်ပါတယ်။ ဒီဆွေးနွေးပွဲကနေ ရရှိလာမယ့် ရလဒ်ကောင်းတွေကို တစ်ဆင့်ပြန်လည်ပြီး အသိပညာပေးဆွေးနွေးတာကို ကျေးရွာတွေ၊ ရပ်ကွက်တွေအထိ ကျွန်တော်တို့ တတ်နိုင်သလောက် ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ စီးပွားရေးက ဆက်စပ်နေပြီး ငြိမ်းချမ်းမှသာ နိုင်ငံ့စီးပွားရေး တောင့်တင်းခိုင်မာအောင် ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးရှိမှ ပြည်သူလူထုအကျိုးစီးပွားကို ဆောင်ရွက်နိုင်မယ်။ ငြိမ်းချမ်းရေးသည် ပြည်သူ့ဘဝလုံခြုံရေးပဲဖြစ်ပါတယ်။ ဒီဆွေးနွေးပွဲက တစ်ဆင့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး ငြိမ်းချမ်းကြပါစေလို့ ဆုတောင်းပါတယ်။

**ဒေါ်လှဲ့လှဲ့သိန်း**
**ဒုတိယဝန်ကြီး(ငြိမ်း)**

အလုပ်ရုံဆွေးနွေးပွဲမှာ နိုင်ငံရေး၊ စီးပွားရေးကဏ္ဍနဲ့ ငြိမ်းချမ်းရေး အဓိကယှဉ်တွဲနေတဲ့ အကြောင်းအရာတွေကို ဆွေးနွေးကြပါတယ်။ တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရှိမှပဲ စီးပွားရေးက တိုးတက်ကောင်းမွန်လာမယ်။ ကျန်တဲ့လုပ်ငန်းတွေလည်း ငြိမ်းချမ်းမှသာ ပိုပြီးဖွံ့ဖြိုးတိုးတက်လာနိုင်မယ်ဆိုတော့ ဘက်ပေါင်းစုံက စဉ်းစားကြတယ်။ ဒါကြောင့် ပါတီကိုယ်စားလှယ်တွေ၊ တတ်သိပညာရှင်တွေ၊ အစိုးရဌာနတွေ၊ ပုဂ္ဂလိက ကဏ္ဍတွေ၊ EAO တွေစသဖြင့် အလွှာပေါင်းစုံက ပါဝင်ဆွေးနွေးကြပါတယ်။ အခုနှစ်မှာ ပိုပြီးညှိနှိုင်းဆောင်ရွက်မှုတွေ ပိုအားကောင်းလာတယ်လို့ ထင်ပါတယ်။ ဒါကြောင့် ကျန်တဲ့သူအားလုံးကိုလည်း ပါဝင်လာစေချင်တယ်။ ဆွေးနွေးမှုတွေကနေ ရှေ့ခရီးအတွက် ညီညီညွတ်ညွတ်နဲ့ ပူးပေါင်းဆောင်ရွက်သွားနိုင်မယ့် အခွင့်အလမ်းတွေပေါ်လာမယ်လို့ ယုံကြည်ပါတယ်။

**သတင်းအဖွဲ့**

## မိုင်းရယ်မြို့နယ်ရှိ ကျေးရွာအုပ်စုများ၌ MEVM စက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ကွင်းဆင်းသရုပ်ပြ

**မိုင်းရယ် အောက်တိုဘာ ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် သက်ဆိုင်ရာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဌာနဆိုင်ရာများပါဝင်သည့်အဖွဲ့သည် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများတွင် MEVM စက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းမှစ၍ ကွင်းဆင်းသရုပ်ပြခဲ့သည်။

အဆိုပါမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့သည် မန်ဖိုင်ကျေးရွာအုပ်စု၊ မိုင်းကောင်ကျေးရွာအုပ်စုနှင့် လုံလိုင်းကျေးရွာအုပ်စုတို့တွင် ကွင်းဆင်း၍ ပြည်သူများအား MEVM စက်ဖြင့် လက်တွေ့မဲပေးခြင်းဆိုင်ရာ အသိပညာပေးခြင်းကို မြန်မာ၊ ရှမ်း နှစ်ဘာသာဖြင့် ပြောကြားပြီး တက်ရောက်လာသည့် ပြည်သူများက လက်တွေ့စမ်းသပ်မဲ ပေးခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**



❖ *ကျောဖုံးမှ*

ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သော်လည်း နိုင်ပွဲရယူကာ နှစ်ပွဲဆက်အနိုင်ရလဒ်ဖြင့် အာရှဖလားခြေစစ်ပွဲအောင်မြင်ခဲ့သည်။ မြန်မာ ယူ–၁၇ အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်းယှဉ်ပြိုင်သည့် အာရှဖလားခြေစစ်ပွဲများတွင် မြန်မာအသင်းများ ရလဒ်ဆိုးရွားနေမှုကို အဆုံးသတ်ပြီး ပထမဆုံးခြေစစ်ပွဲအောင်မြင်သည့်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ မြန်မာ ယူ–၁၇ အမျိုးသမီးအသင်းသည် ၂၀၁၉ ခုနှစ်နောက်ပိုင်း အာရှဖလားခြေစစ်ပွဲ ပြန်လည်အောင်မြင်ခဲ့ခြင်းဖြစ်သည်။

အုပ်စု (C) ပွဲစဉ်များအပြီးတွင် မြန်မာအသင်းက နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် အုပ်စုပထမရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး သုံးမှတ်ရရှိသည့် အင်ဒိုနီးရှားအသင်းနှင့် နှစ်ပွဲစလုံးအရေးနိမ့်သည့် မကာအိုအသင်းတို့ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိပေ။ မြန်မာအသင်းသည် ခြေစစ်ပွဲတွင် မကာအိုအသင်းကို ခုနစ်ဂိုးပြတ်၊ အင်ဒိုနီးရှားအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ–MFF**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပသည့် (၈)ကြိမ်မြောက် ရုရှားစွမ်းအင် ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

နေပြည်တော် အောက်တိုဘာ ၁၇

**စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏အကြံပေးဖြစ်သူ ဖိုရမ်ကျင်းပရေးကော်မတီ အမှုဆောင်အတွင်းရေးမှူး Mr. Anton Kobyakov ၏ ဖိတ်ကြားမှုအရ အောက်တိုဘာ ၁၅ ရက်မှ ၁၇ ရက်အထိ မော်စကိုမြို့၌ ကျင်းပပြုလုပ်သည့် (၈) ကြိမ်မြောက် ရုရှားစွမ်းအင်ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ် Russia Energy Week International Forum (REW) သို့ တက်ရောက်သည်။**



အောက်တိုဘာ ၁၅ ရက်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် Gazprom International Limited မှ General Director ဖြစ်သူ Mr. Sergey Tumanov ဦးဆောင်သည့် အဖွဲ့၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် Zarubezhneft JSC ကုမ္ပဏီမှ General Director ဖြစ်သူ Mr. Sergey Kudryashov ဦးဆောင်သည့်အဖွဲ့တို့နှင့် သီးခြားစီတွေ့ဆုံပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးကဏ္ဍများတွင် လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ရေနက်ဆိပ်ကမ်းများကို အသုံးပြု၍ Energy Trading ပြုလုပ်နိုင်မည့် အခွင့်အလမ်းကောင်းများ၊ မြန်မာနိုင်ငံတွင် ရေနံချက်စက်ရုံ တည်ဆောက်၍ ထွက်ရှိလာသော ရေနံထွက်ကုန်ပစ္စည်းများအား ပြည်တွင်းတွင်သာမက ဒေသတွင်းနိုင်ငံများတွင် ဖြန့်ဖြူးရောင်းချပေးနိုင်မည့် အလားအလာကောင်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အောက်တိုဘာ ၁၆ ရက်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံဂုဏ်ထူးဆောင် ကောင်စစ်ဝန်နှင့် ရေ့ခ်ျကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့၏ ကြီးကြပ်ရေးဘုတ်အဖွဲ့ဝင် Mr. SHATIROV Sergey Vladimi–rovich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ ရေ့ခ်ျကွန်ဂရက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များအပါအဝင် နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၈)ကြိမ်မြောက် ရုရှားစွမ်းအင်ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ်၏ အဓိကအခမ်းအနားဖြစ်သည့် မျက်နှာစုံညီအစည်းအဝေး (Main Forum– Plenary Session) သို့ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ ပူတင်က လူသားတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုတွင် စွမ်းအင်ကဏ္ဍ၏ အရေးပါမှု၊ ကမ္ဘာ့စွမ်းအင်ဖြည့်ဆည်းပေးမှုတွင် ရုရှားနိုင်ငံ၏ပါဝင်နေသည့် အခန်းကဏ္ဍ၊ Digital Industry ဖွံ့ဖြိုးလာမှုတွင် အဓိကကျသည့် လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲနိုင်မှု၊ စွမ်းအင်ဖူလုံရေးနှင့် စွမ်းအင်လုံခြုံရေးကို ရေရှည်အတွက်မျှော်မှန်းပြီး အစီအမံများ ချမှတ်ဆောင်ရွက်နေမှုတို့ကို မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။


ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖိုရမ်တက်ရောက်နေစဉ်အတွင်း စွမ်းအင်ကဏ္ဍတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းအသီးသီးမှ ခင်းကျင်းပြသထားသည့် ပြခန်းများကို လေ့လာကြည့်ရှုကြပြီး Joint Stock Company Inter RAO ပြခန်းတွင် သဘာဝဓာတ်ငွေ့ကို လေလွင့်ဆုံးရှုံးမှု အနည်းဆုံး အသုံးပြု၍ လျှပ်စစ်ထုတ်လုပ်နိုင်သည့် Combined–cycle Gas Turbine များ၏ စွမ်းဆောင်ရည်များနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် မေးမြန်းဆွေးနွေးခဲ့သည်။

ရုရှားစွမ်းအင် ရက်သတ္တပတ်အပြည်ပြည်ဆိုင်ရာဖိုရမ်ကို ၂၀၁၇ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး စွမ်းအင်ကဏ္ဍတွင် ဖြစ်ပေါ်နေသည့် ပြဿနာများကိုဖြေရှင်းရေး၊ လူသားတို့အတွက် စွမ်းအင် တိုးမြှင့်ဖြည့်ဆည်းနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ၊ ရာသီဥတု၊ သိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ၂၀၂၅ ခုနှစ်အတွက် စားရေရိက္ခာနှင့် စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်စေရေးဆိုင်ရာညီလာခံသို့ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၇**



တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဟဲနန်ပြည်နယ် ကျန်းကျိုးမြို့၌ အောက်တိုဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့သည့် ၂၀၂၅ ခုနှစ်အတွက် စားရေရိက္ခာနှင့် စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်စေရေးဆိုင်ရာ ညီလာခံနှင့် ဆက်စပ်အစည်းအဝေးများသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီး သည် အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းတွင် အာဆီယံ–တရုတ် ဗဟိုဌာန၏ အထွေထွေ အတွင်းရေးမှူးချုပ် Mr. Shi Zhongjun နှင့် လည်းကောင်း၊ ဟဲနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Li Zhou နှင့် လည်းကောင်း သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံပူးပေါင်းပြီး မျိုးကောင်းမျိုးသန့်များ သုတေသနပြု ထုတ်လုပ်နိုင်ရေး၊ မြန်မာနိုင်ငံတွင် အဆင့်မြင့်နည်းပညာများ ပေါင်းစပ်အသုံးပြုနိုင်သည့် လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်၍ ပိုမိုတွင်ကျယ်စွာအသုံးပြုနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ဆည်မြောင်းနှင့် ရေပေးဝေမှု နည်းစနစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အင်ဂျင်နီယာဆိုင်ရာ နည်းပညာများ၊ စိုက်ပျိုးရေး နည်းပညာများ ပူးပေါင်းဖလှယ်မှု အစီအစဉ်အရ နည်းပညာဆွေးနွေးပွဲများ၊ သင်တန်းများ ပိုမိုပို့ချပေးနိုင်ရန်နှင့် စိုက်ပျိုးရေးကဏ္ဍ၊ ဆည်မြောင်းနှင့် ရေအရင်းအမြစ်ကဏ္ဍများနှင့် ပတ်သက်သည့် ဘာသာရပ်များတွင် ဒီပလိုမာနှင့် ဘွဲ့လွန်ဒီဂရီ ပညာသင်ဆုများ ဆည်းပူးနိုင်ရေး ပိုမိုဆောင်ရွက်ပေးရန် ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ညနေပိုင်းတွင် ဟဲနန်ပြည်နယ် ပါတီကော်မတီ အတွင်းရေးမှူး၊ ပြည်နယ်လွှတ်တော် အမြဲတမ်းကော်မတီဥက္ကဋ္ဌက တက်ရောက်လာသော အာဆီယံနိုင်ငံများမှ အဖွဲ့ခေါင်းဆောင်များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပါတီကော်မတီ အတွင်းရေးမှူး တည်းခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီး သည် အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ်အတွက် စားရေရိက္ခာနှင့် စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်စေရေးဆိုင်ရာ ညီလာခံကျင်းပမည့် Zhengzhou International Convention and Exhibition Center၌ ခင်းကျင်းပြသထားသော ပြခန်းများအားလေ့လာပြီး ညီလာခံတွင် အမှာစကားပြောကြားရာတွင် “ဒစ်ဂျစ်တယ်နည်းပညာဖြင့် စားရေရိက္ခာနှင့် စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှု၊ ဆန်းသစ်တီထွင်မှုဖြင့် ဒေသတွင်းတိုးတက်မှု” ဟူသည့် ခေါင်းစဉ်ဖြင့် ကျင်းပသည့် ယနေ့ညီလာခံသည် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုသည့် အာဆီယံနှင့်တရုတ်နိုင်ငံတို့အကြား ပိုမိုပူးပေါင်းဆောင်ရွက်မှုများကို ထင်ဟပ်စေကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းစေရန် မဏ္ဍိုင်သုံးခုဖြစ်သည့် (က) မူဝါဒဆိုင်ရာဆွေးနွေးမှုနှင့် နည်းပညာဖလှယ်ခြင်း၊ (ခ) ပူးပေါင်းဆန်းသစ်တီထွင်မှု သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ (ဂ) ဈေးကွက်ပေါင်းစည်းမှုနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးတို့အပေါ် အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး အခြေခံကောင်းနှင့် စိုက်ပျိုးနည်းပညာ တီထွင်ဆန်းသစ်မှုများရှိသော ဟဲနန်ပြည်နယ်သည် ပူးပေါင်းဆောင်ရွက်မှုများအတွက် ဒေသကောင်း၊ နေရာကောင်းတစ်ခုလည်း ဖြစ်ပါကြောင်း၊ ခေတ်မီစနစ်ကျသည့် စိုက်ပျိုးရေးကို မြှင့်တင်ဆောင်ရွက်ရာတွင် တရုတ်နိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို ချီးကျူးပါကြောင်း၊ ဒေသအလိုက် ကိုက်ညီဆီလျော်အောင် စားရေရိက္ခာ ဖူလုံရေးအတွက် ဖြေရှင်းသည့် နည်းလမ်းများကို အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံအကြား ပူးပေါင်းကြိုးပမ်းမှုများအတွက် ကြိုဆိုပါကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် Seminar on ASEAN–China (Henan) Smart Agriculture Development Exchanges သို့ ပါဝင်တက်ရောက်ပြီး ကျန်းကျိုးမြို့ မြို့တော်ဝန်နှင့်တွေ့ဆုံ၍ ညစာ စားပွဲအခမ်းအနားသို့ တက်ရောက်သည်။

အောက်တိုဘာ ၁၄ ရက်တွင် ဒုတိယဝန်ကြီးသည် ဟဲနန်ပြည်နယ် ချင်းရှန့် (Xinxing) မြို့ရှိ ဟဲနန် စိုက်ပျိုးရေးနှင့်ဆိုင်သော ရင်းနှီးမြှုပ်နှံမှုအဖွဲ့ပိုင် Central–China Agricultural Valley ရှိ သုတေသနဆောင်ရွက်မှုလုပ်ငန်းများနှင့် မှန်လုံအိမ်အတွင်း စိုက်ပျိုးထားသော သုတေသနစိုက်ခင်းများကို လေ့လာကြည့်ရှုခဲ့သည်။ သုတေသနစင်တာတွင် အဓိကလုပ်ငန်းရှစ်ခုဖြစ်သော နှံစားသီးနှံများ၊ ဆီထွက်သီးနှံများ၊ ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံများ၊ မှို၊ ပန်းမန်များ၊ တိုင်းရင်းဆေးဖက်ဝင်အပင်များ၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများနှင့် ရေထွက်ကုန်မွေးမြူရေးလုပ်ငန်းများအား သုတေသနပြု ဆောင်ရွက်လျက်ရှိပြီး ဂျုံနှင့် ပဲပုပ်သီးနှံဖွံ့ဖြိုးတိုးတက်ရေးအား အဓိကသုတေသနပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် ကျန်းကျိုးမြို့ရှိ ဆန်ကွမ်း (Sanquan) အစားအသောက် ထုတ်လုပ်မှုကုမ္ပဏီတွင် အစားအသောက်များ ထုတ်လုပ်နေမှုနှင့် သုတေသနဆောင်ရွက်နေမှုများကို လေ့လာကြည့်ရှုခဲ့ပြီး အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းတွင် မြစ်ဝါမြစ်မှ ကျန်းကျိုးဒေသအတွင်း စိုက်ပျိုးရေး၊ သောက်သုံးရေပေးဝေခြင်းလုပ်ငန်း စီမံဆောင်ရွက်ထားမှုများကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**



တပ်မတော်စစ်ကြောင်းများက ပေါ်ကြိုဘုရားကြီးနေရာတစ်ဝိုက် ပြန်လည်ထိန်းချုပ်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် သီပေါမြို့အား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

❍ *ကျောဖုံးမှ*

ထိုသို့ သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် စစ်ကြောင်းများခွဲ၍ ဆောင်ရွက်ခဲ့ရာတွင် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းလျက်ရှိသည့် ဆိုင်းခေါင်ကျေးရွာ၊ နောင်ပိန်လေးကျေးရွာ၊ ဇောတိကုန်းကျေးရွာ၊ နမ့်ဟူးတောင်(အောက်)၊ နမ့်ဟူးတောင်(အထက်) နှင့် ပန်ဟက်ကျေးရွာ၊ အောက်တိုဘာ ၃ ရက်တွင် ကျောက်မဲကြီးကျေးရွာ၊ အောက်တိုဘာ ၄ ရက်တွင် ခိုတင်ကျေးရွာ၊ ပွိုင့်-၉၄၇ တောင်ကုန်းနှင့် ပန်ဟုတ်ကျေးရွာ၊ အောက်တိုဘာ ၅ ရက်တွင် နားခေါ်ကျေးရွာ၊ ခဲမွန်ကျေးရွာနှင့် ဗူးခါးကျေးရွာ၊ အောက်တိုဘာ ၆ ရက်တွင် လွယ်ခေါ်ကျေးရွာ၊ အောက်တိုဘာ ၉ ရက်တွင် ချောင်းချောက်ကျေးရွာနှင့် အောက်တိုဘာ ၁၀ ရက်တွင် နောင်အန်းကျေးရွာနှင့် ၎င်းကျေးရွာအနီးရှိ ရန်သူ့စခန်းကုန်းတို့အား အဆင့်ဆင့် သိမ်းပိုက်ရရှိခဲ့သည်။

တစ်ချိန်တည်းမှာပင်တပ်မတော်စစ်ကြောင်းများသည် ရန်သူထင်မှတ်မထားသည့် နေရာမှ အကျယ်ပေ ၁၁၀၊ အနက် ၁၂ ပေခန့်ရှိပြီး ၁ နာရီ ၅ မိုင်နှုန်းခန့် စီးဆင်းနေသည့် ရေစီးသန်သောနမ့်ပန်စီချောင်းကို စစ်နည်းဗျူဟာမြောက် ပေါင်းကူးခြေကုပ်ရယူ၍ ခဲရာခဲဆစ်ဖြတ်ကူးကာ အကြမ်းဖက်သောင်းကျန်းသူများအား လိုက်လံတိုက်ခိုက်ချေမှုန်းခဲ့ရာ အောက်တိုဘာ ၁၂ ရက်တွင် တိမ်းခမ်းကျေးရွာနှင့် ငွန်ဆိုင်းကျေးရွာ၊ အောက်တိုဘာ ၁၃ ရက်တွင် မူလေးကျေးရွာ၊ ရေပူကျေးရွာ၊ လောင်ခွန်ကျေးရွာနှင့် ပုံဖန်းကျေးရွာ၊ အောက်တိုဘာ ၁၄ ရက်တွင် မန်လွယ်ကျေးရွာ၊ ကျင်သီကျေးရွာတစ်ဝိုက်၊ အောက်တိုဘာ ၁၅ ရက်တွင် ဘော်ကြိုကျေးရွာ၊ ကောင်းခါးကျေးရွာနှင့် နားခဲကျေးရွာ၊ အောက်တိုဘာ ၁၆ ရက်တွင် ခါလိမ်ခါလွေကျေးရွာမှ တစ်ဆင့် သီပေါတိုးဂိတ်တို့အား ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

ထိုသို့ အဆင့်ဆင့် နေရာတစ်ခုပြီးတစ်ခု ချီတက်ရှင်းလင်းသိမ်းပိုက်စဉ် တပ်မတော်စစ်ကြောင်းများ ကျင်သီကျေးရွာအနီးသို့အရောက် TNLA အကြမ်းဖက်သောင်းကျန်းသူများသည် ကျောက်မဲမြို့နှင့် သီပေါမြို့အကြားရှိ အလျားပေ ၂၀၀ နှင့် အနံ ၂၈ ပေရှိ ရေစီးသန်သည့် နမ့်ပန်စီချောင်းကူးတံတားဖြစ်သည့် ကျင်သီတံတားအား ယုတ်မာရိုင်းစိုင်းစွာဖြင့် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးရန် ပြင်ဆင်လျက်ရှိစဉ် တပ်မတော်စစ်ကြောင်းများက အချိန်မီရောက်ရှိသွားသည့်အတွက် တံတားအား အလုံးစုံ မိုင်းခွဲဖျက်ဆီးနိုင်ခြင်းမရှိဘဲ ဖရိုဖရဲဖြင့် ဆုတ်ခွာထွက်ပြေးကာ အချို့အား မိုင်းခွဲဖျက်ဆီးခဲ့သည့်အပြင် လမ်းကြောင်းတစ်လျှောက်တွင်လည်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲများ ဖြစ်စေရန်အတွက် မိုင်းများဖြင့် အတားအဆီးများ ပြုလုပ်ခဲ့သည်။ ထို့ကြောင့် တပ်မတော်စစ်ကြောင်းရှိ စစ်မြေပြင်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များက အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းများအား ဒေသခံ တိုင်းရင်းသားပြည်သူများ အန္တရာယ်မဖြစ်စေရန်အတွက် စနစ်တကျ ဖယ်ရှားရှင်းလင်းခြင်း၊ ပျက်စီးနေသည့် တံတားနေရာများအား သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ညတွင်းချင်းပြုပြင်ခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ဆုတ်ခွာ ထွက်ပြေးသွားသည့် အကြမ်းဖက်သောင်းကျန်းသူများအား တပ်မတော်စစ်ကြောင်းများက ထပ်ကြပ်လိုက်လံချေမှုန်းခဲ့သည်။



တပ်မတော်စစ်ကြောင်းများက သီပေါမြို့ရှိ ပြည်သူ့ဆေးရုံအား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် ကျင်သီ တံတား မှတ်တမ်းဓာတ်ပုံ။

ထို့ပြင် တပ်မတော်စစ်ကြောင်းများ သီပေါမြို့အဝင် Toll Gate သို့ရောက်ရှိစဉ် TNLA အကြမ်းဖက် သောင်းကျန်းသူများသည် သီပေါမြို့အတွင်းရှိ ဌာနဆိုင်ရာ အဆောက်အအုံများနှင့် ပြည်သူပိုင် အဆောက်အအုံများအား မီးရှို့ထွက်ပြေးသွားခဲ့သဖြင့် တပ်မတော်စစ်ကြောင်းက မြို့အတွင်းသို့ အလျင်အမြန် ဝင်ရောက်ရှင်းလင်း၍ အခြားအဆောက်အအုံများ မီးကူးစက်မှုမရှိစေရေး မီးငြိမ်းသတ်ရေးလုပ်ငန်းများနှင့် မြို့တွင်းလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၆ ရက် ညနေပိုင်းတွင် သီပေါမြို့အား တပ်မတော်က အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ အလားတူ သီပေါမြို့အနီးဝန်းကျင်သို့ ရောက်ရှိနေသည့် တပ်မတော်စစ်ကြောင်းအနေဖြင့်လည်း စိတ်ဓာတ်ကျဆင်းစွာ ဖရိုဖရဲဖြင့် သီပေါမြို့၏ မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးလျက်ရှိသည့် အကြမ်းဖက် သောင်းကျန်းသူများအား ထပ်ကြပ်လိုက်လံ တိုက်ခိုက်ချေမှုန်းလျက် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ (၃၄)ကီလိုမီတာ အကွာအဝေးအား အဆင့်ဆင့် ပြန်လည်တိုက်ခိုက်ထိန်းချုပ်ခဲ့ရာ စစ်ဆင်ရေးကာလ ၁၆ ရက်တာကာလအတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး ၇ ကြိမ်၊ ထိတွေ့မှုပေါင်း ၂၁ ကြိမ်၊ စုစုပေါင်း ၂၈ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၁၃ လောင်း၊ လက်နက် ၇ လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ကြောင်း သိရှိရသည်။

TNLA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့၏ စိတ်ကူးယဉ် အိပ်မက်ဖြစ်သည့် ပလောင်ပြည်နယ် ရရှိရေးတွင် တစ်ခုအပါအဝင်ဖြစ်သော သီပေါမြို့ကိုလည်း တပ်မတော်က ထပ်မံ၍အောင်မြင်စွာ ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည့်အတွက်လည်း ၎င်းတို့၏ စိတ်ကူးယဉ်အိပ်မက်များ ဝေးသည်ထက် ဝေးကွာကာ ခေါင်းဆောင်ပိုင်းမှအစ လက်အောက်အဆုံး လက်နက်ကိုင်သူတိုင်းနီးပါး စိတ်ဓာတ်များ အကြီးအကျယ် ကျဆင်းစွာဖြင့် ဖရိုဖရဲဆုတ်ခွာထွက်ပြေးလျက်ရှိသကဲ့သို့ အချို့အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ဝင်များအနေဖြင့်လည်း နီးစပ်ရာ တပ်မတော် စစ်ကြောင်းများထံ ဆက်သွယ်၍ အလင်းဝင်ရောက်လျက်ရှိကြောင်း သိရှိရသည်။

*စာမျက်နှာ ၁၃ သို့*



လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် ကျင်သီ တံတားအား တာဝန်ရှိသူများက ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက် သောင်းကျန်းသူများ ကျင်သီတံတားအား မိုင်းထောင်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။





အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် အလောင်း၊ လက်နက်များ မှတ်တမ်းဓာတ်ပုံ။



အောင်ပွဲရ တပ်မတော်သားများအား သီပေါမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနေသည့် မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက သီပေါမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းအား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၁၂ မှ*

TNLA အကြမ်းဖက်သောင်းကျန်းသူများသည် သီပေါမြို့မှ ဆုတ်ခွာထွက်ပြေးစဉ် နောင်ချိုမြို့နှင့် ကျောက်မဲမြို့များတွင် လုပ်ဆောင်ခဲ့သည့် ၎င်းတို့၏ အကြမ်းဖက်လမ်းစဉ်နည်းလမ်းအတိုင်း လုပ်ဆောင်လျက်ရှိသည့် စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသည့် သီပေါမြို့ရှိ အကျဉ်းဦးစီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးမှူးရုံး၊ မြေစာရင်းရုံး၊ သီပေါဟိုတယ်အပါအဝင်အခြားဌာနဆိုင်ရာအဆောက်အအုံများနှင့် ပြည်သူလူထု၏ နေအိမ်များအား ရက်စက်ယုတ်မာရိုင်းစိုင်းစွာ မီးရှို့ထွက်ပြေးသွားခဲ့ပြီး ၎င်းတို့ ခေတ္တထိန်းချုပ်စဉ်ကာလအတွင်း မြို့/ရွာများအတွင်းရှိ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံများနှင့် လူနေအိမ်များတွင် ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများ၏ အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သည့်အပြင် ဒေသခံပြည်သူများ နေအိမ်များနှင့် ဈေးဆိုင်ခန်းများအား ဖောက်ထွင်း၍ တန်ဖိုးကြီးပစ္စည်းများ၊ စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများကို အဓမ္မယူဆောင်ခြင်းများ လုပ်ဆောင်ခဲ့သည်။

ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူများသည် တပ်မတော်စစ်ကြောင်းများနှင့် တိုက်ပွဲများဖြစ်ပွားစဉ်ကာလအတွင်း ၎င်းတို့ဆုတ်ခွာထွက်ပြေးရာလမ်းကြောင်းတစ်လျှောက်ရှိ မြန်မာနိုင်ငံ၏ အထင်ကရ အမှတ်အသားနှင့် ကမ္ဘာကျော် ရှေးဟောင်းမီးရထားလမ်းတံတား တစ်စင်းဖြစ်သည့် ဂုတ်ထိပ်တံတား၊ ဂုတ်တွင်းတံတားအပါအဝင် အများပြည်သူ အဓိကသွားလာ အသုံးပြုလျက်ရှိသည့် တံတားကြီး/ငယ်များအား ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ လမ်းများပိတ်ဆို့တားဆီးခြင်းများ လုပ်ဆောင်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ပြန်လည်ပြုပြင်ခြင်းနှင့် ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ယခုကဲ့သို့ သီပေါမြို့အား တပ်မတော်က ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများကလည်း တပ်မတော် စစ်ကြောင်းများကို အောင်သပြေများ၊ ပန်းကုံးများဖြင့် ဝမ်းသာအားရ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။



တပ်မတော်စစ်ကြောင်းများက သီပေါမြို့အား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



နိုင်ငံတစ်ဝန်းရှိ စေတနာရှင်၊ အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများအား ပေးပို့လှူဒါန်းစဉ်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် နောင်ချိုမြို့နှင့် ကျောက်မဲမြို့တို့၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသကဲ့သို့ပင် သီပေါမြို့မှ ယာယီနေရပ်စွန့်ခွာနေကြရသည့် ဒေသခံတိုင်းရင်းသား မိဘပြည်သူများ ပြန်လည်ဝင်ရောက်၍ အေးချမ်းစွာ လုပ်ကိုင်စားသောက်နေထိုင်နိုင်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေး၊ ကျောင်းများ၊ ဆေးရုံ/ဆေးခန်းများ အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ရာ ပြည်သူလူထု၏ လူမှုဘဝ တိုးတက်မြင့်မားရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်တော့မည် ဖြစ်သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းမြောက်ပျော်ရွှင်လျက်ရှိသကဲ့သို့ပင် မြန်မာတစ်ပြည်လုံးရှိ ပြည်သူများကလည်း ယခုကဲ့သို့ တပ်မတော်၏ အောင်မြင်မှုများအတွက် ထပ်တူဂုဏ်ယူဝမ်းမြောက်လျက်ရှိပြီး ရှေ့တန်းရောက် တပ်မတော်သားများအတွက် နိုင်ငံတစ်ဝန်းရှိ စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများအား ပေးပို့လှူဒါန်းလျက်ရှိရာ သက်ဆိုင်ရာတာဝန်ရှိသူများကလည်း ရှေ့တန်းရောက် တပ်မတော်သားများ၏ လက်ဝယ်အရောက် ပို့ဆောင်ပေးလျက်ရှိသည်။



တပ်မတော်စစ်ကြောင်းများက သီပေါမြို့အား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

ထို့ပြင် တပ်မတော်စစ်ကြောင်းများက သီပေါမြို့အား ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည့်အတွက် ပြင်ဦးလွင်-နောင်ချို-ကျောက်မဲ-သီပေါ ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်စည်ကူးသန်းရေးနှင့် လမ်းပန်းဆက်သွယ်ရေးများ ပြန်လည်ကောင်းမွန်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြန်လည်လုပ်ဆောင်နိုင်တော့မည်ဖြစ်သည့်အတွက် ပြည်သူများက ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



အကြမ်းဖက်သောင်းကျန်းသူများက သီပေါမြို့ရှိ အကျဉ်းထောင်အား မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများက သီပေါမြို့ရှိ ရုံး/ဌာနအဆောက်အအုံများအား မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# ကမ္ဘာပေါ်တွင် လူပေါင်း ၆၇၃ သန်း ညစဉ်ညတိုင်း ဆာလောင်မှုဖြင့် အိပ်ရာဝင်နေကြရဟုဆို



**ဂျီနီဗာ အောက်တိုဘာ ၁၇**

ကမ္ဘာတစ်ဝန်းရှိ လူပေါင်း ၆၇၃ သန်းမှာ ညစဉ်ညတိုင်း ဆာလောင်မှုဖြင့် အိပ်ရာဝင်နေကြရဆဲဖြစ်ကြောင်း၊ ထို့အပြင် နောက်ထပ်ထမင်းတစ်နပ်စာအတွက် မရေရာမသေချာမှုများနှင့် ရင်ဆိုင်နေကြရသူများလည်း အများအပြားရှိကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က အောက်တိုဘာ ၁၆ ရက်တွင် ပြောကြားသည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၈၀ ခန့်က ကမ္ဘာ့နိုင်ငံများသည် ဆာလောင်မှုကို ကျော်လွှားနိုင်ရန်အတူတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း၊ ထိုအချိန်မှစ၍ ဆယ်စုနှစ်များစွာအတွင်း ကမ္ဘာကြီးသည် သိသာထင်ရှားသည့် ပြောင်းလဲတိုးတက်မှုများ ရရှိခဲ့ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က နှစ်စဉ်အောက်တိုဘာ ၁၆ ရက်တွင် ကျင်းပလေ့ရှိသော ကမ္ဘာ့စားနပ်ရိက္ခာနေ့အတွက် ၎င်း၏ သဝဏ်လွှာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဝလွန်ခြင်းမှသည် စားရေရိက္ခာဖူလုံမှုကို ခြိမ်းခြောက်နေသည့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများအထိ ဆယ်စုနှစ်များစွာအတွင်း စိန်ခေါ်မှုအသစ်များ ပေါ်ပေါက်လာခဲ့ကြောင်း၊ ဆာလောင်မှုကို လက်နက်တစ်ခုအဖြစ် အသုံးချနေကြောင်း ဂူတာရက်စ်က ပြောသည်။ ပြည်သူများကို အာဟာရဖြည့်တင်းပြီး ကမ္ဘာဂြိုဟ်ကို ကာကွယ်ပေးနိုင်မည့် စားရေရိက္ခာစနစ်များ တည်ဆောက်ရန် တစ်ဖန်ပြန်လည်စုစည်းညီညွတ်ကြရေးနှင့် ပတ်သက်ပြီး ဂူတာရက်စ်က နိုင်ငံတကာအသိုင်းအဝိုင်းကို တောင်းဆိုထားသည်။

ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ စားနပ်ရိက္ခာထောက်ပံ့ကူညီမှုများကို ဖြတ်တောက်မည်ဆိုပါက လက်ရှိ အကူအညီရရှိနေသည့် လူပေါင်း ၁၃ ဒသမ ၇ သန်းမှာ အလွန် ဆိုးရွားသည့် ဆာလောင်မှုဘေးအန္တရာယ်သို့ ရောက်ရှိ သွားနိုင်သည်ဟု ကုလသမဂ္ဂ ကမ္ဘာ့ စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ) က အောက်တိုဘာ ၁၅ ရက် ထုတ်ပြန်ချက်၌ သတိပေးထားသည်။ **ဆင်ဟွာ**



# ဂျပန်တော်ဝင်မင်းသမီး အိုက်ကို နိုဝင်ဘာလအတွင်း လာအိုနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်မည်

**တိုကျို အောက်တိုဘာ ၁၇**

ဂျပန်ဧကရာဇ် နာရူဟီတိုနှင့် မိဖုရား မာဆာကိုတို့၏ သမီးဖြစ်သူ တော်ဝင်မင်းသမီး အိုက်ကိုသည် လာအိုနှင့် ဂျပန်နိုင်ငံတို့ကြား သံတမန်ဆက်ဆံရေးထူထောင်သည့် နှစ် (၇၀) ပြည့် အထိမ်းအမှတ်အဖြစ် လာမည့်နိုဝင်ဘာလအတွင်း လာအိုနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်မည်ဖြစ်သည်။ အဆိုပါ ခရီးစဉ်သည် မင်းသမီးအိုက်ကိုအတွက် ပထမဆုံး တရားဝင်နိုင်ငံခြားခရီးစဉ်ဖြစ်လာမည်ဖြစ်သည်။

ယင်းခရီးစဉ်ကို အောက်တိုဘာ ၁၇ ရက်က အစိုးရအဖွဲ့အစည်းအဝေးတွင် တရားဝင်အတည်ပြုခဲ့သည်။ မင်းသမီးအိုက်ကိုသည် နိုဝင်ဘာ ၁၇ ရက်မှစတင်ကာ လာအိုနိုင်ငံသို့ ၆ ရက်ကြာ ခရီးသွားရောက်မည်ဖြစ်သည်။ ၎င်းသည် မြို့တော်ဗီယင်ကျန်းရှိ လာအိုသမ္မတ သောင်လောင် စီစူလစ်ထံ ဂါရဝပြုတွေ့ဆုံမည်ဖြစ်ပြီး ဒုတိယသမ္မတများ တည်ခင်းဧည့်ခံသည့် ညစာစားပွဲ တက်ရောက်မည်ဖြစ်သည်။

ထို့ပြင် ၎င်းသည် ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် သတ်မှတ်ခြင်းခံထားရသည့် ရှေးဟောင်းမြို့တော် လွမ်ပရာဘမ်ကိုနှင့် ဂျပန်နိုင်ငံ အန်ဂျီအိုအဖွဲ့အစည်းက ကလေးဆေးရုံသို့ သွားရောက်ကာ နိုဝင်ဘာ ၂၂ ရက်တွင် ဂျပန်နိုင်ငံသို့ ပြန်လာမည်ဖြစ်သည်။

ဂျပန်နှင့်လာအိုနိုင်ငံတို့သည် ၁၉၅၅ ခုနှစ် မတ်လတွင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးစတင်ထူထောင်ခဲ့သည်။

အင်န်အိတ်ချ်ကေ

# အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်တို့ ဒိုဟာမြို့၌ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်သွားဖွယ်ရှိ

**ကဘူးလ် အောက်တိုဘာ ၁၇**

အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံတို့သည် ကာတာနိုင်ငံ၏ မြို့တော် ဒိုဟာမြို့၌ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သွားဖွယ်ရှိကြောင်း အာဖဂန်နစ္စတန်နိုင်ငံ၏ TOLOnews က အစိုးရသတင်းအရင်းအမြစ်များကို ကိုးကားပြီး အောက်တိုဘာ ၁၅ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။

အာဖဂန်နစ္စတန် ကိုယ်စားလှယ်အဖွဲ့သည် ပါကစ္စတန် ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရန် မကြာမီအချိန်တွင် ဒိုဟာမြို့သို့ ထွက်ခွာဖွယ်ရှိကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် လက်ရှိ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက်ကို သက်တမ်းတိုးနိုင်ရေးကဲ့သို့သော အကြောင်းအရာများ ပါဝင်ဖွယ်ရှိသည်။

ထို့အပြင် အာဖဂန်နစ္စတန် ကိုယ်စားလှယ်အဖွဲ့ကို ကာကွယ်ရေးဝန်ကြီး မော်လဗီမိုဟာမက် ယာကူဘ်မူဂျာဟစ်က ဦးဆောင်မည်ဖြစ်ပြီး ပါကစ္စတန်ကိုယ်စားလှယ်အဖွဲ့တွင် အကြီးတန်းလုံခြုံရေးနှင့် ထောက်လှမ်းရေးအရာရှိများ ပါဝင်ဖွယ်ရှိသည်။ လက်ရှိအချိန်အထိ ဆွေးနွေးပွဲအစီအစဉ်နှင့်ပတ်သက်ပြီး အစိုးရနှစ်ရပ်စလုံးက မည်သည့်တရားဝင်အတည်ပြုချက်မှ ထုတ်ပြန်ထားခြင်း မရှိသေးပေ။

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့သည် ရက်များစွာကြာ နယ်စပ်ဖြတ်ကျော် အပြန်အလှန်ပစ်ခတ် တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် အောက်တိုဘာ ၁၅ ရက်တွင် နှစ်ဖက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ပတ်သက်ပြီး သီးခြားစီ ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

# ကယ်လီဖိုးနီးယားဒေသခံ ၁၀ သန်းကျော် ငလျင်ကြိုတင်ပြင်ဆင်လေ့ကျင့်မှုတွင် ပါဝင်

**ကယ်လီဖိုးနီးယား အောက်တိုဘာ ၁၇**

ကယ်လီဖိုးနီးယားဒေသခံ ၁၀ သန်းကျော်သည် နှစ်စဉ်ပြုလုပ်သည့် ပြည်နယ်အဆင့် ငလျင်ကာကွယ်ရေးလေ့ကျင့်မှုတွင် အောက်တိုဘာ ၁၆ ရက်က ပါဝင်ဆင်နွှဲခဲ့ကြသည်။



ကယ်လီဖိုးနီးယားပြည်နယ်၌ ငလျင်လှုပ်ခတ်မှုမှ ကာကွယ်နိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်နေမှုကို အောက်တိုဘာ ၁၆ ရက်က တွေ့ရစဉ်။

အဆိုပါလေ့ကျင့်မှုသည် ပြည်သူများ၏ အသိအမြင် မြှင့်တင်ရန်နှင့် ကြီးမားသော ငလျင်ကြီးများနှင့် ကြုံတွေ့သည့်အခါ တုံ့ပြန်နိုင်စွမ်းမြှင့်တင်ရန် ရည်ရွယ်၍ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၁၆ မိနစ်က ပြည်နယ်တစ်ဝန်းဒေသခံများသည် ၎င်းတို့၏ နေ့စဉ်ဆောင်ရွက်ဖွယ်ကိစ္စများကို ရပ်နားကာ ငလျင်လေ့ကျင့်ခန်းတွင် ပါဝင်ခဲ့ကြသည်။

ယခုနှစ်အတွင်းပြုလုပ်သည့် ငလျင်လေ့ကျင့်ခန်းတွင်ပါဝင်ရန် ကယ်လီဖိုးနီးယားဒေသခံ ၁၀ ဒသမ ၄ သန်း စာရင်းပေးသွင်းခဲ့ကြသည်ဟု ကျင်းပရေးကော်မတီ၏ ဝက်ဘ်ဆိုဒ်တွင် ဖော်ပြထားသည်။

အဆိုပါလေ့ကျင့်မှုသည် လူတစ်ဦးချင်း၊ ကျောင်းများနှင့် ရပ်ရွာလူထုအား ငလျင်ဒဏ်ခံနိုင်ရေးဆောင်ရွက်ချက်များ လေ့ကျင့်နိုင်ခွင့်၊ အရေးပေါ်အစီအစဉ်များ ပြန်လည်သုံးသပ်ခွင့်နှင့်သဘာဝဘေးအတွက်အထောက်အပံ့ပစ္စည်းများ ပေးအပ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။ **ဆင်ဟွာ**

# အီသီယိုးပီးယားလေကြောင်းလိုင်း ပို့ဆူဒန်မြို့သို့ လေယာဉ်ပျံသန်းပြေးဆွဲမှုပြန်လည်စတင်

**အဒစ္စအဘာဘာ အောက်တိုဘာ ၁၇**

အီသီယိုးပီးယားလေကြောင်းလိုင်းသည် ဆူဒန်နိုင်ငံ အရှေ့ပိုင်းဆိပ်ကမ်းမြို့ဖြစ်သောပို့ဆူဒန်မြို့သို့လေယာဉ်ပျံသန်းပြေးဆွဲမှု ပြန်လည်စတင်ပြီဖြစ်ကြောင်း အောက်တိုဘာ ၁၅ ရက်တွင် ကြေညာခဲ့သည်။ အီသီယိုးပီးယားလေကြောင်းလိုင်းသည် အောက်တိုဘာ ၁၅ ရက်မှစတင်ကာ ဆူဒန်နိုင်ငံ ပို့ဆူဒန်မြို့သို့ နေ့စဉ်ပျံသန်းမှုများ ပြန်လည်စတင်ကြောင်း လေကြောင်းလိုင်း၏ ထုတ်ပြန်ကြေညာချက်တွင် ပါဝင်သည်။

နိုဝင်ဘာ ၁ ရက်မှစတင်ကာ နေ့စဉ်ပျံသန်းမှုကို နှစ်ကြိမ်အထိ တိုးမြှင့်သွားမည်ဖြစ်ကြောင်း အီသီယိုးပီးယားလေကြောင်းလိုင်းက ပြောသည်။ ပြီးခဲ့သည့်နှစ် အောက်တိုဘာလက ပို့ဆူဒန်သို့ နေ့စဉ်လေယာဉ်ပြေးဆွဲမှု စတင်ခဲ့သော်လည်း ဆူဒန်နိုင်ငံတွင် ဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် လုံခြုံရေးအကြောင်းပြချက်ဖြင့် လေယာဉ်ပြေးဆွဲမှုကို ယာယီရပ်ဆိုင်းထားခဲ့သည်။

ပို့ဆူဒန်မြို့သည် တည်ငြိမ်သည့် ဒေသတစ်ခုဖြစ်ကာ တိုင်းပြည်အတွင်း ပဋိပက္ခဖြစ်ပွားနေစဉ်အတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့ရာတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ **ဆင်ဟွာ**

# ဝန်ကြီးချုပ်သစ်အား အောက်တိုဘာ ၂၁ ရက်တွင် ရွေးချယ်ရန် ဂျပန်အာဏာရပါတီနှင့် အတိုက်အခံပါတီတို့ သဘောတူ

**တိုကျို အောက်တိုဘာ ၁၇**

ဂျပန်ဝန်ကြီးချုပ် အီရှီဘာရှီဂဲရု၏ နေရာတွင် အစားထိုးမည့် ဝန်ကြီးချုပ်သစ်တစ်ဦးအား အောက်တိုဘာ ၂၁ ရက်တွင် ရွေးချယ်တင်မြှောက်ရန် ဂျပန်အာဏာရပါတီနှင့် အတိုက်အခံပါတီတို့ အကြား အောက်တိုဘာ ၁၇ ရက်က သဘောတူညီမှုရရှိခဲ့သည်ဟု ပြည်တွင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

ရာထူးမှ နုတ်ထွက်တော့မည့် ဝန်ကြီးချုပ် အီရှီဘာ၏ အရိုက်အရာဆက်ခံမည့်သူအား ရွေးချယ်ရန်အတွက် အောက်တိုဘာ ၂၁ ရက်တွင် လွှတ်တော်တွင်း မဲခွဲဆုံးဖြတ်ရန် အာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီနှင့် အဓိကအတိုက်အခံပါတီဖြစ်သည့် ဂျပန်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ဒီမိုကရက်တစ်ပါတီတို့ အကြား သဘောတူညီခဲ့သည်ဟု ကျိုဒိုသတင်းဌာနက ဖော်ပြခဲ့သည်။

မကြာမီစတင်မည့် ဒိုင်းယက် လွှတ်တော် အစည်းအဝေးကာလမှာ ၅၈ ရက် ကြာမြင့်မည်ဖြစ်ပြီး ဒီဇင်ဘာ ၁၇ ရက်တွင် ပြီးဆုံးမည်ဟုလည်း ယင်းပါတီများက အတည်ပြုခဲ့သည်။ **ဆင်ဟွာ**

# ရန်ကုန်မြို့၌ အပြည်ပြည်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များနေ့အထိမ်းအမှတ် စကားဝိုင်းဆွေးနွေးပွဲနှင့် ၂၀၂၅ ခုနှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ ရန်ကုန်ဇုန်(၂) အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၇**

အပြည်ပြည်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များနေ့ (International Day of Intangible Cultural Heritage) အထိမ်းအမှတ် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ကျင်းပသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ စကားဝိုင်းဆွေးနွေးပွဲနှင့် ပြပွဲကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားပြတိုက် (ရန်ကုန်) ပထမထပ် ဘက်စုံခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲနှင့်ပြပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်မှ ပညာရှင်များ၊ ဌာနဆိုင်ရာများနှင့် တက္ကသိုလ်ကောလိပ်များမှ ဖိတ်ကြားထားသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအောက်ရှိ ဌာနခွဲ၊ ဌာနစုအသီးသီးမှ အရာထမ်း၊ အမှုထမ်းများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားကာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) မှ ဒေါက်တာကေသီထွေးက ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပပြီး မြန်မာဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်၏ အဓိပ္ပာယ်၊ အရေးပါမှုလက်ဆင့်ကမ်းနည်းလမ်းများနှင့် အသိပညာဝေမျှမှု၊ မြန်မာ့လက်ဖက်သမိုင်းနှင့် အရေးပါမှု၊ ထိန်းသိမ်းမှုနည်းလမ်းများနှင့် ယူနက်စကိုစာရင်းဝင်ရန် လုပ်ဆောင်ချက်များ၊ မြန်မာ့ကြိုးကြီးချိတ်၏ ယဉ်ကျေးမှုအရေးပါမှုနှင့် လူ့ဘောင်အကျိုးသက်ရောက်မှုများကို သက်ဆိုင်ရာပညာရှင်များက ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာ(၁)နှစ်သင်တန်း အမှတ်စဉ်(၂၂)မှ သင်တန်းသား သင်တန်းသူများ၏ ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာ လက်တွေ့ခင်းကျင်းမှုအဖြစ် မြန်မာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် မြန်မာ့ ၁၂ လရာသီပွဲတော်များ၊ မြန်မာ့သနပ်ခါး၊ လက်ဖက်စားသုံးခြင်းဓလေ့၊ မြန်မာ့ရိုးရာကြိုးကြီးချိတ် ဒီဇိုင်းပြကွက်များ ခင်းကျင်းပြသထားရှိမှုနှင့် ရန်ကုန်တရုတ်ယဉ်ကျေးမှုစင်တာ၏ တရုတ်ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပြသမှုအဖြစ် ရိုးရာပြဇာတ်အနုပညာ၊ လက်ဖက်ယဉ်ကျေးမှု၊ ပေကျင်းအော်ပရာမျက်နှာဖုံး၊ တရုတ်ဖူအယ်လက်ဖက်ခြောက်နှင့် တရုတ်နိုင်ငံယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဆိုင်ရာ ယဉ်ကျေးမှုအနုပညာလက်မှုပစ္စည်းများ ခင်းကျင်းပြထားမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။




စကားဝိုင်းဆွေးနွေးပွဲအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ဒေါပုံမြို့နယ် အားကစားခန်းမ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် ပညာရေးဒီဂရီ ကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ ရန်ကုန်ဇုန်(၂) အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် နေရာအလိုက် အကောင်းဆုံးဆုရရှိကြသူများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရရှိကြသူများနှင့် ဒုတိယ၊ တတိယဆုရရှိသည့်အသင်းများကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော(ရန်ကင်း)ပညာရေးဒီဂရီကောလိပ်အသင်းနှင့် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော(ပုသိမ်) ပညာရေးဒီဂရီကောလိပ်အသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်များ၊ တံခွန်စိုက်ဆုဖလားများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## Academic Diplomacy and International Studies: Prospects for Russia and Myanmar ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၇**

မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်တက္ကသိုလ်မှ Deputy Dean ဖြစ်သူ Mr. Dmitry Baryshnikov က "Academic Diplomacy and International Studies: Prospects for Russia and Myanmar" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့၏ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov၊ စိန့်ပီတာစဘတ်မြို့ ပြည်ပဆက်ဆံရေးကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Viacheslav Kalganov၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့အခြေစိုက် ရုရှားသံရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့မှ သုတေသီများ၊ မြန်မာသံတမန် သင်တန်းကျောင်း သံတမန်ရေးရာဘွဲ့လွန်ဒီပလိုမာသင်တန်းမှ သင်တန်းသားများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် တက်ရောက်လာသူများက ခေတ်သစ်သံခင်းတမန်ခင်းပုံဖော်မှုတွင် လေ့လာသင်ယူမှုဆိုင်ရာ သံခင်းတမန်ခင်း (Academic Diplomacy)နှင့် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား အပြန်အလှန် ပညာသင်ကြားမှုများ ပြုလုပ်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီး၌ တောင်သူများအား ၂၀၂၅ ခုနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေ စတင်ထုတ်ချေး

**မန္တလေး အောက်တိုဘာ ၁၇**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ဘဏ်ခွဲ သုံးဘဏ်၊ မြို့နယ်ဘဏ်ခွဲ ငါးဘဏ်တို့မှ တောင်သူဦးကြီးများအတွက် ၂၀၂၅ ခုနှစ် ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေကို အောက်တိုဘာလမှ နိုဝင်ဘာလအထိ ထုတ်ချေးပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဆောင်းစိုက်ပျိုးစရိတ်ချေးငွေကို အောက်တိုဘာ ၁၄ ရက်မှစ၍ ခရိုင်/မြို့နယ်ဘဏ်ခွဲ ၅ ဘဏ်မှ ကျေးရွာအုပ်စု ခုနစ်အုပ်စု၊ တောင်သူဦးရေ ၉၂ ဦး၊ စိုက်ပျိုးဧက ၄၁၅ ဧကအတွက် ငွေကျပ် ၄၅၃ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ပြီးဖြစ်သည်။

နိုင်ငံအတွင်း စားရေရိက္ခာဖူလုံစေရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးစရိတ်၊ သွင်းအားစုများ အထောက်အကူဖြစ်စေရေးအတွက် ၂၀၂၅ ခုနှစ် ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများကို စပါးတစ်ဧကလျှင် ငွေကျပ်၁၅၀၀၀၀/- နှုန်း၊ ဂျုံးစိုက်ဧက တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀/-နှုန်း၊ အခြားသီးနှံများအား တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀/- နှုန်းတို့ကို အတိုးနှုန်း တစ်နှစ်လျှင် ငါးရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ဘဏ်ခွဲ သုံးဘဏ်၊ မြို့နယ်ဘဏ်ခွဲ ငါးဘဏ်တို့မှ ၂၀၂၅ ခုနှစ် ဆောင်းရာသီစိုက်ပျိုးစရိတ်ထုတ်ချေးငွေအား ငွေကျပ် ၁၁၉၈၀ ဒသမ ၅ သိန်း ထုတ်ချေးရန်လျာထားကြောင်း မန္တလေးတိုင်းဒေသကြီးဘဏ်ခွဲ တိုင်းမန်နေဂျာထံမှ သိရသည်။ **သတင်းစဉ်**



ဆင်ပေါင်ဝဲမြို့နယ် မြို့မဈေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ထားခြင်း ရှိ/မရှိကို အောက်တိုဘာ ၁၇ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်း ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ ကွင်းဆင်းစစ်ဆေးစဉ်။ **ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

### ၁၇ - ၁၀ - ၂၀၂၅ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ဘီလီယံ- စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၄၀၀ | ၁၁၂၂ | ၉၃၀၈၉၀၀ |
| MTSH | ၃၄၅၀ | ၃၄၅၀ | ၃၀ | ၁၀၃၅၀၀ |
| MCB | ၇၉၀၀ | ၈၁၀၀ | ၂၀ | ၁၆၀၀၀၀ |
| FPB | ၂၅၀၀ | ၂၅၀၀ | ၄၆၄ | ၁၁၆၀၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၂၄ | ၆၅၃၅၀ |
| EFR | ၁၈၅၀ | ၁၉၀၀ | ၁၅၃၈ | ၂၈၆၅၃၀၀ |
| AMATA | ၃၄၀၀ | ၃၄၅၀ | ၁၄၆ | ၅၀၃၂၀၀ |
| MAEX | ၃၄၀၀ | ၃၃၅၀ | ၁၇၂၉ | ၅၈၆၆၂၅၀ |

## နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေး၊ ကာကွယ်ဆေးထိုးနှံမှု ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၁၇**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးသည် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအပါအဝင် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၄ ရက်က လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် နေပြည်တော်ကောင်စီဝင်ဦးမြင့်စိုးက အခွန်ကောက်ခံခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး လယ်ဝေးမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးညီညီထွန်းက အခွန်ဆိုင်ရာ သိသင့်သိထိုက်သူများကို ရှင်းလင်းဆွေးနွေးရာ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်အခွန်ထမ်း ၅၇ ဦး တက်ရောက်ကြသည်။



ထို့နောက် နေပြည်တော်ကောင်စီဝင်သည် ဒက္ခိဏသီရိမြို့နယ်၊ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်ဝင်း၊ နေပြည်တော်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဒက္ခိဏသီရိမြို့နယ် အထက(ခွဲ) ရန်အောင်မြင်ကျောင်းတွင် ကျောင်းအခြေပြု ဆုံဆို့၊ မေးခိုင်ရောဂါကာကွယ်ဆေးထိုးနှံသည့် ကျောင်းသားကျောင်းသူ ၆၉ ဦးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံသူ ကျောင်းသူ ၃၉ ဦး စုစုပေါင်း ၁၀၈ ဦး ကာကွယ်ဆေးထိုးနှံနေမှုကို ကြည့်ရှုအားပေး(ဝဲပုံ)ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မော်လမြိုင်မြို့နယ်၌ သမဝါယမလုပ်ငန်းများဖွံ့ဖြိုးရေး ကွင်းဆင်းကြည့်ရှု

**မော်လမြိုင် အောက်တိုဘာ ၁၇**

သမဝါယမလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် မွန်ပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၁၅ ရက်က မော်လမြိုင်မြို့နယ်အတွင်းရှိ သမဝါယမအသင်းများ၏ လုပ်ငန်းဆောင်ရွက်မှုအား ကွင်းဆင်းစစ်ဆေးခဲ့သည်။



**ညှိနှိုင်းဆွေးနွေး**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်မြို့နယ် မြိုင်သာယာရပ်ကွက် သမိန်ဗရမ်းလမ်းနှင့် ၂၇ လမ်းထောင့်ရှိ မော်လမြိုင်မြို့နယ် သမဝါယမအသင်းစုပိုင်မြေနေရာ၌ မြို့နယ်သမဝါယမအသင်းစုလီမိတက်နှင့် ရာမညဖွံ့ဖြိုးတိုးတက်ရေး ဆောက်လုပ်ရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လူနေဆိုင်ခန်းများ ဆောက်လုပ်မည့်နေရာသို့ရောက်ရှိ၍ အသင်းတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး အဆောက်အအုံများ ဆောက်လုပ်မည့်အစီအစဉ်၊ ဆောက်လုပ်ရေးလုပ်ငန်းများ စနစ်တကျဖြစ်စေရေးနှင့် အချိန်မီပြီးစီးရေး သမဝါယမလုပ်ငန်းများ အကောင်အထည်ပေါ်လာစေရေး ညှိနှိုင်းဆွေးနွေးခဲ့သည်။

အဆိုပါ သမဝါယမအသင်းနှစ်သင်း အကျိုးတူပူးပေါင်း၍ အထက်ပါမြေနေရာ၌ ဆိုင်ခန်းနှင့် လူနေအိမ်ခန်းနှစ်ထပ် အဆောက်အအုံ ၂၆ လုံး ဆောက်လုပ်ပြီးစီးပါက သမဝါယမလုပ်ငန်း ဖွံ့ဖြိုးရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

**တောင်တွင်းကြီးမြို့နယ်၌ မဲစာရင်းများ ကျေးရွာ၊ရပ်ကွက် အသီးသီး၌ ကပ်ထားကြေညာထားရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့(ခွဲ)က အောက်တိုဘာ ၁၆ ရက်တွင် မဲဆန္ဒရှင်ပြည်သူများ မိမိတို့၏ အမည်စာရင်း ပါ/ မပါ ကြည့်ရှုနိုင်ရန် အသိပေးနှိုးဆော်စဉ်။**

နောင်နောင် (ဗိသနိုးမြေ)





မောက်မယ်မြို့နယ်၌ ရွေးကောက်ပွဲနှိုးဆော်အသိပညာပေးပိုစတာ စိုက်ထူပွဲကို အောက်တိုဘာ ၁၄ ရက်က မွေတော်ရပ်ကွက်ရှိ နမ့်ယွမ်းခန်းမရှေ့ ဗိုလ်ချုပ်အောင်ဆန်းလမ်းမတွင် အများပြည်သူ လူစည်ကားရာနေရာ၌ ပြုလုပ်စဉ်။ စိုင်းမျိုးသန့်(မောက်မယ်)

## ပွင့်ဖြူမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ အောက်တိုဘာ ၁၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်ပြည့်ကျေးရွာ၌ စတုတ္ထအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ထိုသို့ ချေးငွေထုတ်ချေးပေးရာတွင် ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပြည့်ဖြိုးကျော်က မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ ချေးငွေအတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေ စသည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကန်ပြည့်ကျေးရွာရှိ မြေပဲနှင့် နေကြာသီးနှံ အပါအဝင် အခြားဆီထွက်သီးနှံများစိုက်ပျိုးသော အသင်းသား အသင်းသူ ၅၂ ဦးကို စတုတ္ထအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေကျပ် ၁၀ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး( ပွင့်ဖြူမြေ )**



## သဃ်န်းကျွန်းမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ လာရောက်ကြည့်ရှု

**သဃ်န်းကျွန်း အောက်တိုဘာ ၁၇**

သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်အတွင်းရှိ ရပ်ကွက်နေပြည်သူများ မိမိတို့၏ နိုင်ငံသားအခွင့်အရေးမဆုံးရှုံးစေရေး ဆန္ဒမဲပေးနိုင်ရန်အတွက် မဲစာရင်းများကို ရပ်ကွက်များအလိုက် ပထမအကြိမ် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၂၀ ရက်အထိ ကြေညာထားရာ အောက်တိုဘာ ၁၅ ရက်က မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုလျက်ရှိသည်။

**ဇော်မိုး(သဃ်န်းကျွန်း)**



## ဆိပ်ဖြူမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ လာရောက်ကြည့်ရှု

**ဆိပ်ဖြူ အောက်တိုဘာ ၁၇**

ဆိပ်ဖြူမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဒေသခံပြည်သူများ နိုင်ငံသားအခွင့်အရေးမဆုံးရှုံးရေး မဲပေးပိုင်ခွင့်ရှိသူများ၏ မဲဆန္ဒရှင်အမည်စာရင်းများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် သက်ဆိုင်ရာ ရပ်ကွက်ရွေးကောက်ပွဲကော်အရှင်အဖွဲ့ခွဲတို့က ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာလမှ စတင်၍ အောက်တိုဘာ ၁၃ ရက်အထိ ကြေညာထားရှိပြီး ရက်ထပ်တိုးကြေညာခြင်းကို အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်အထိ ဆောင်ရွက်ထားရာ မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုလျက်ရှိကြောင်း သိရသည်။

**သူရိန်(ဆိပ်ဖြူ)**



## ကျွန်းလှမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ လာရောက်ကြည့်ရှု

**ကျွန်းလှ အောက်တိုဘာ ၁၇**

ကျွန်းလှမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများ ပထမအကြိမ်အဖြစ် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကပ်ထားကြေညာခဲ့သည်။

အဆိုပါ မဲစာရင်းများကို အောက်တိုဘာ ၂၀ ရက်အထိ ၇ ရက် ထပ်မံတိုးမြှင့်ကပ်ထားကြေညာမည်ဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းတွင် မိမိအမည်မပါလျှင် ပုံစံ (၃) ဖြင့်လည်းကောင်း၊ အမည်ထည့်ပေးရန်တောင်းဆိုခြင်းနှင့် ကန့်ကွက်လိုလျှင် ပုံစံ(၄)ဖြင့်လည်းကောင်း၊ အချက်အလက်များပြင်ဆင်လိုလျှင် ပုံစံ(၄-က)ဖြင့်လည်းကောင်း လျှောက်ထားနိုင်ကြောင်း၊ အဆိုပါသတ်မှတ်ပုံစံများကို ရပ်ကွက်/ကျေးရွာရွေးကောက်ပွဲအဖွဲ့ခွဲရုံးများ၌ အခမဲ့ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

**ဇီဝမျိုးစုံ ကြွယ်စေဖို့**
**သဘာဝတောတွေ ထိန်းသိမ်းစို့**

## မြန်မာသတင်းမီဒီယာကိုယ်စားလှယ်အဖွဲ့ နန်ကျင်းမြို့၌ ဆက်လက်လေ့လာ

**နန်ကျင်း အောက်တိုဘာ ၁၇**

တရုတ်နိုင်ငံ နန်ကျင်းမြို့၌ ရောက်ရှိနေသည့် မြန်မာနိုင်ငံမှ သတင်းမီဒီယာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းတွင် နန်ကျင်းမြို့ရှိ Niushou ယဉ်ကျေးမှု ခရီးသွားလာရေးဇုန်သို့ သွားရောက်ကြပြီး Niushou တောင်၏ သမိုင်းနှင့် သဘာဝအလှများကို လေ့လာကာ ဗုဒ္ဓဘာသာဝင်များ၏ ရာစုနှစ်ပေါင်းများစွာ အထွတ်အမြတ်ထားရာ နေရာတစ်ခုဖြစ်သည့် Usnisa နန်းတော်ရှိ လျောင်းတော်မူဘုရားအား ဖူးမြော်ခဲ့ကြသည်။

Usnisa နန်းတော်အား ခေတ်မီဒီဇိုင်းလက်ရာများနှင့် ဗုဒ္ဓဘာသာ၏ အခြေခံကျမှုများကို ရင်သပ်ရှုမောဖွယ်ရာ ပေါင်းစပ်ထားပြီး နန်းတော်အပြင်ဘက်တွင် စိမ်းလန်းစိုပြည်သော ရှုခင်းများ၊ သာယာသော လျှောက်လမ်းများ၊ ရှေးဟောင်းဘုရားကျောင်းများနှင့် ဘုရားစေတီများကိုပါ လေ့လာနိုင်ကြသည့်အတွက် လာရောက်လည်ပတ် လေ့လာသူများသည် အနုပညာ၊ ဗိသုကာပညာနှင့် ဗုဒ္ဓဘာသာ၏ အမွေအနှစ်များကိုပါ စူးစမ်းလေ့လာနိုင်သည်။ ထို့အပြင် ရာစုနှစ်များစွာ သက်တမ်းရှိပြီဖြစ်သည့် Foding ဘုရားကျောင်းကိုလည်း လေ့လာနိုင်သည်။

မွန်းလွဲပိုင်းတွင် မြန်မာသတင်းမီဒီယာကိုယ်စားလှယ်အဖွဲ့သည် နန်ကျင်းမြို့မှတစ်ဆင့် မြန်နှုန်းမြင့် ကျည်ဆန်ရထားဖြင့် ရှန်ဟိုင်းမြို့သို့ ရောက်ရှိကြပြီး ကမ္ဘာ့တတိယအမြင့်ဆုံးဖြစ်သည့် ရှန်ဟိုင်းမျှော်စင်သို့ သွားရောက်လေ့လာကြသည်။ အဆိုပါ မျှော်စင်သည် အမြင့် ၂၀၇၃ ပေရှိပြီး အထပ်အားဖြင့် ၁၂၈ ထပ်ရှိသည့် အထပ်မြင့် မိုးမျှော်တိုက်ဖြစ်ကာ ကမ္ဘာ့အမြန်ဆုံး ဓာတ်လှေကားများ ပါရှိခြင်းကြောင့် ထင်ရှားသည်။ ရှန်ဟိုင်းမျှော်စင်ကို ၂၀၀၈ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် တည်ဆောက်မှုပြီးစီးကာ ၂၀၁၆ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြန်မာသတင်းမီဒီယာကိုယ်စားလှယ်အဖွဲ့သည် ရှန်ဟိုင်းမြို့၌ ပထမဆုံးစမ်းသပ်တီထွင်ပြီး ရထားသံလမ်းမပါရှိဘဲ သံလိုက်ဆွဲအားဖြင့် မောင်းနှင်သည့် Maglev မြန်နှုန်းမြင့်ရထားကို စီးနင်းလိုက်ပါကာ လေ့လာခဲ့ကြသည်။ အဆိုပါ Maglev ရထားစီမံကိန်းကို တရုတ်ကုမ္ပဏီနှင့် ဂျာမနီကုမ္ပဏီတို့ ၂၀၀၁ ခုနှစ်တွင် ပူးပေါင်းတည်ဆောက်ခဲ့ပြီး ၂၀၀၄ ခုနှစ်မှ စတင်ကာ အများပြည်သူအတွက် ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ပေးခဲ့ကြောင်း သိရသည်။

ဇေယျာ




## လယ်ယာမြေအား ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းဖြင့် အသုံးပြုမှုမရှိစေရေး အသိပညာပေး

**ဆိပ်ကြီးခနောင်တို အောက်တိုဘာ ၁၇**

ဆိပ်ကြီးခနောင်တိုမြို့နယ်၌ လယ်ယာမြေအား ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းဖြင့် အသုံးပြုမှုမရှိစေရေး အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



ဆွေးနွေးပွဲတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ရရှိထားသော တောင်သူလယ်သမားများအနေဖြင့် လယ်ယာမြေအား ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းဖြင့် အသုံးပြုမှုမရှိစေရေး လယ်ယာမြေ ဥပဒေပုဒ်မ (၁၂)နှင့် (၁၃)တို့တွင် သတ်မှတ်ပြဋ္ဌာန်းပါရှိသည့် စည်းကမ်းချက်များကို တက်ရောက်လာကြသူများအား အသိပေး ချပြရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။ **ဝေယံ(ပြန်/ဆက်)**



## နမ့်စန်မြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ လာရောက်ကြည့်ရှု

**နမ့်စန်(တ) အောက်တိုဘာ ၁၇**

နမ့်စန်မြို့နယ်၌ ၂၀၂၅ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စာရင်းများကို မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာများတွင် (ပထမအကြိမ်) စက်တင်ဘာ ၃၀ ရက်မှ စတင်၍ ကပ်ထားကြေညာပေးထားပြီး စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၂၀ ရက်အထိ ထပ်မံရက်တိုးမြှင့်ထားရာ ဒေသခံပြည်သူများက လာရောက်ကြည့်ရှုလျက်ရှိသည်။ **သူရအောင်(နမ့်စန်)**

## အိမ်မဲမြို့နယ်၌ မိုးစပါးအထွက်ကောင်းမျိုး စံကွက်ရိတ်သိမ်းပွဲကျင်းပ

**အိမ်မဲ အောက်တိုဘာ ၁၇**

အိမ်မဲမြို့နယ် ဘုရားကြီးကုန်းကျေးရွာအုပ်စု ဆိတ်ချေးကုန်းကျေးရွာ တောင်သူ ဦးအောင်သောင်း၏ ကွင်းအမှတ် ၄၄ (က)၊ ဦးပိုင်အမှတ် ၂၃/၁ လယ်မြေတွင် မိုးစပါးအထွက်ကောင်းမျိုးစံကွက် ရိတ်သိမ်းပွဲကို ယမန်နေ့က ကျင်းပသည်။



၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးအထွက်ကောင်းမျိုးများဖြစ်သော ရေဆင်းပေါ်ဆန်း (၁)၊ ရေဆင်းပေါ်ဆန်း(၂)၊ အောင်နိုင်တိုးစသည်တို့ကို စံကွက်ရိတ်သိမ်းခဲ့ရာ ရေဆင်းပေါ်ဆန်း (၁) အနေဖြင့် တစ်ဧကအထွက်တင်း အစို ၉၂ ဒသမ ၀၂ တင်း၊ အခြောက် ၈၂ ဒသမ ၃၉ တင်း၊ ရေဆင်းပေါ်ဆန်း (၂)အနေဖြင့် အစို တင်း ၁၁၆ ဒသမ ၃၀၊ အခြောက် ၁၀၄ ဒသမ ၁၂ တင်း၊ အောင်နိုင်တိုးအနေဖြင့် အစို ၁၃၂ ဒသမ ၈၁ တင်း၊ အခြောက် ၁၂၁ ဒသမ ၉၉ တင်း ထွက်ရှိကြောင်းနှင့် ထိုကဲ့သို့ စပါးတင်းထွက်ရှိနှုန်းများအနက်မှ အောင်နိုင်တိုးစပါးမျိုးမှာ ပန်းတိုင်အထွက်နှုန်းထက် ကျော်လွန်ကြောင်း သိရသည်။ **ချစ်သက်လယ်(ပြန်/ဆက်)**



ဖျာပုံမြို့နယ် ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများ၌ မဲဆန္ဒရှင်စာရင်းများကို ပထမအကြိမ် ကပ်ထားကြေညာလျက်ရှိရာ အောက်တိုဘာ ၁၅ ရက်က ပထမအကြိမ်မဲစာရင်း ကပ်ထားကြေညာမှုကို ပြည်သူများ လာရောက်ကြည့်ရှုစဉ်။

အောင်ဝင်းနိုင်(ပြန်/ဆက်)

ကြံခင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ရောဦးခန်းမ၌ အောက်တိုဘာ ၁၆ ရက်က မြို့နယ်အဆင့်ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများအား မြန်မာ အီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးစဉ်။

ဖြိုးဝေလင်း(ပြန်/ဆက်)





ကော့မှူးမြို့နယ်၌ ပထမအကြိမ်မဲဆန္ဒရှင်စာရင်းများကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး များတွင် ကပ်ထားကြေညာထားရာ အောက်တိုဘာ ၁၅ ရက်က မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုစဉ်။

ကျော်သူရ(ကော့မှူး)



## ဂန့်ဂေါမြို့နယ်၌ မဲပေးစက် အသုံးပြုနည်း သင်တန်းဖွင့်

**ဂန့်ဂေါ အောက်တိုဘာ ၁၇**

ဂန့်ဂေါမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်း အကြိုသင်တန်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယမန်နေ့က ဂန့်ဂေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက် တပ်ဆင်နည်းနှင့် အသုံးပြုနည်းများကို လက်တွေ့ရှင်းလင်းပြသခဲ့ပြီး တက်ရောက်လာကြသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ခဲ့သည်။ **မောင်မျိုးမင်း**

## ပင်းတယမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေး

**ပင်းတယ အောက်တိုဘာ ၁၇**

ပင်းတယမြို့နယ် ညောင်ပင်ဝိုင်းဘုန်းတော်ကြီးကျောင်း၌ အောက်တိုဘာ ၁၅ ရက်က မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ဆောင်ရွက်ခဲ့သည်။



ဦးစွာ ခရိုင်ရွေးကောက်ပွဲ... ဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက မြန်မာနိုင်ငံတွင် မကြာမီကျင်းပပြုလုပ်မည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာများနှင့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ဟန့်တားဖျက်ဆီးခြင်းနှင့် ကာကွယ်ပေးရေးဥပဒေမှ သိမှတ်ဖွယ်ရာများကို ရှင်းလင်းပြောကြားသည်။ မဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့ စမ်းသပ်မဲပေးခဲ့ကြသည်။

**အောင်ကိုဦး(ပြန်/ဆက်)**

# ပထမအကြိမ် မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံလေတပ်ချင်း တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ




**နေပြည်တော် အောက်တိုဘာ ၁၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပပြုလုပ်သည့် ပထမအကြိမ် မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံ လေတပ်ချင်းတွေ့ဆုံဆွေးနွေးပွဲ (1st Myanmar Air Force–Sri Lanka Air Force Air Staff Talks) ကို အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Chatrium Hotel ၌ပြုလုပ်ရာ တပ်မတော်(လေ)မှ ဒုတိယစစ်ဦးစီးအရာရှိချုပ်(လေ)(စက်မှုလက်မှု) ဗိုလ်ချုပ်မျိုးအောင်လတ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ သီရိလင်္ကာလေတပ်မှ Air Vice Marshal SDGM Silva ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံလေတပ်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရန်၊ လေ့ကျင့်ရေး၊ ပညာရေးနှင့် အားကစားကဏ္ဍများတွင် အပြန်အလှန် ထိတွေ့ဆက်ဆံရေးဆောင်ရွက်နိုင်ရန်တို့ကို ဆွေးနွေးခဲ့ကြပြီး အစည်းအဝေး ဆုံးဖြတ်ချက်များအား အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။ **(အပေါ်ပုံ)** ဆက်လက်၍ နှစ်နိုင်ငံ လေတပ်မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အထိမ်းအမှတ်လက်ဆောင်များ အပြန်အလှန် ပေးအပ်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ညပိုင်းတွင် တွေ့ဆုံဆွေးနွေးခြင်း အထိမ်းအမှတ်ညစာစားပွဲကို Chatrium Hotel ၌ တည်ခင်းဧည့်ခံခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲ လာရောက်စဉ်ကာလအတွင်း သီရိလင်္ကာလေတပ်မှ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဗိုလ်တထောင်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြပြီး ရန်ကုန်မြို့ရှိ အထင်ကရနေရာများဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းဈေး၊ Junction City၊ Cathedral of The Immaculate Conception (Catholic Church)၊ ကရဝိတ်၊ ကန်တော်ကြီးနှင့် အမျိုးသားပြတိုက်တို့သို့ သွားရောက်လေ့လာလည်ပတ်ခဲ့ပြီး Chatrium Hotel ၌ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ လာရောက်ပြသသော မြန်မာ့ရိုးရာဝိုင်းခြင်းနှင့် တစ်ပင်တိုင်ခြင်း အလှပြကစားနည်းများကို အားပေးကြည့်ရှုခဲ့ကြသည်။ ယင်းနောက် သီရိလင်္ကာလေတပ်မှ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အောက်တိုဘာ ၁၆ ရက် ညပိုင်းတွင် ရန်ကုန်မြို့မှ သီရိလင်္ကာနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ တပ်မတော် (လေ)မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အနောက်တောင်တိုင်းစစ်ဌာနချုပ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအား ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်ချီးမြှင့်



**နေပြည်တော် အောက်တိုဘာ ၁၇**

အနောက်တောင်တိုင်း စစ်ဌာနချုပ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများ ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် ကျောင်းသုံး စာရေးကိရိယာများ ပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် အနောက်တောင်တိုင်း စစ်ဌာနချုပ် ဧရာဝတီခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။ ထို့နောက် တိုင်းမှူးက အမှာစကား ပြောကြားပြီး အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးစာရေးကိရိယာနှင့် ပညာသင်စရိတ်များ ပေးအပ်ရာ အတန်းလိုက် ကျောင်းသား ကျောင်းသူ ကိုယ်စားလှယ်အသီးသီးက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား ကျောင်းသူများ၏ "ဇာတိမာန်" သီချင်းဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၅)နှစ်အောက် (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၇**

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၅)နှစ်အောက် (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးဇုန်နှင့် ရှမ်းပြည်နယ်ဇုန်တို့ရှိ အားကစားကွင်း၌ ဆက်လက်ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ အားကစားဝါသနာရှင်ပရိသတ်များ တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ ဘောလုံးပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရှစ်ဂိုး - တစ်ဂိုးဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ရခိုင်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တနင်္သာရီတိုင်းဒေသကြီးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အဆိုပါ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅)နှစ်အောက် (အမျိုးသမီး) ဘောလုံးပြိုင်ပွဲအဖြစ် ၁၈ ရက်အထိ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဇုန်လေးဇုန်ခွဲ၍ ကျင်းပလျက်ရှိပြီး အောက်တိုဘာ ၂၁ ရက်၊ ၂၃ ရက်နှင့် ၂၅ ရက်တို့တွင် ကျင်းပမည့် ရှုံးထွက်ပွဲစဉ်များ၊ တတိယလုပွဲ ပွဲစဉ်နှင့်ဗိုလ်လုပွဲ ပွဲစဉ်များကို ရန်ကုန်မြို့ရှိ အားကစားကွင်းများ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

အောက်တိုဘာ ၁၈ ရက်တွင် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပြိုင်ပွဲ ပွဲစဉ်အဖြစ် မွန်းလွဲ ၃ နာရီမှစတင်၍ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ မွန်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို **အခမဲ့** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**





# ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၇**

၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲဆုချီးမြှင့်ခြင်းကို ယနေ့ နံနက်ပိုင်းတွင်အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် အခမ်းအနား တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်နေမှုများနှင့် အဆင့်လိုက်(ကကွက်)ပြိုင်ပွဲတွင် ဆုရရှိသော အသင်းများမှ သရုပ်ပြယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အသင်းလိုက် ဆုရရှိသူများ၊ တစ်ဦးချင်း ဆုရရှိသူများ၊ အကောင်းဆုံးနည်းပြဆု ရရှိသူများ၊ အကောင်းဆုံးဒိုင်လူကြီး ဆုရရှိသူများနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဖလားရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းတို့အား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား)အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ၊ ဆင့်ပွားဖလားနှင့် တံခွန်စိုက်ဖလားတို့အား ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲအား ပြိုင်ပွဲဝင်အသင်း ၁၁ သင်းဖြင့် အောက်တိုဘာ ၁၃ ရက်မှ ယနေ့အထိ ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များ လုပ်ငန်းစွမ်းရည်မြှင့်သင်တန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၁၇

**အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ အမျိုးသားလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးသင်တန်းကျောင်း၌ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC) အဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းရည်မြှင့်သင်တန်း ဖွင့်ပွဲသို့ တက်ရောက်သည်။**

ဦးစွာ ဒုတိယဝန်ကြီးက WCC အဖွဲ့ဝင်များ အနေဖြင့် အလုပ်သမားရေးရာဥပဒေပါ အကျိုး ခံစားခွင့်များ၊ ကျန်းမာရေးစောင့်ရှောက်မှုများ၊ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အစီအမံများ စသည့် ဥပဒေပါ လိုက်နာရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များကို သိရှိလိုက်နာခြင်း အားဖြင့် လုပ်ငန်းခွင်အေးချမ်းသာယာပြီး ကုန်ထုတ် စွမ်းအားမြင့်မားစေမည်ဖြစ်ကြောင်း၊ အလုပ်သမား ရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင် များအနေဖြင့် လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းရေးနှင့် ကုန်ထုတ်စွမ်းအား တိုးတက်ရေးအတွက် များစွာ အထောက်အကူဖြစ်မည်ဟု ယုံကြည်ကြောင်း၊ အလုပ်သမားများ၏ အကျိုးခံစားပိုင်ခွင့်များကို အလုပ်သမားဥပဒေနှင့်အညီ မရရှိပါက အလုပ်ရှင်၊ စီမံအုပ်ချုပ်သူများနှင့် WCC တို့ ညှိနှိုင်းဆွေးနွေး အဖြေရှာခြင်း၊ ပြေလည်မှုမရပါက သက်ဆိုင်ရာ အလုပ်သမားဌာနများသို့ ဆက်သွယ်ဆောင်ရွက်ရန် လိုကြောင်း၊ လုပ်ငန်းခွင်အတွင်း ထိခိုက်စေမည့် လုပ်ဆောင်မှုများ ရှောင်ကြဉ်ပြီး လုပ်ငန်းခွင် အငြင်းပွားမှုကို ဥပဒေနှင့်အညီ လုပ်ငန်းခွင်မပျက် ဖြေရှင်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူ များသည် ရွေလင်ပန်းစက်မှုဇုန်ခန်းမ၌ စက်မှုဇုန် ကော်မတီ တာဝန်ရှိသူများ၊ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ လုပ်ငန်းခွင် အေးချမ်းသာယာရေး၊ ကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ အလုပ်ရှင်၊ အလုပ် သမားအငြင်းပွားမှု လျော့နည်းကျဆင်းစေရေး၊ အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များရရှိစေရေး၊ အလုပ်ရှင်၊ အလုပ်သမား အပြန်အလှန်စေတနာထား ကာ ယုံကြည်မှုရှိရှိဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် ရှိ Twinkle Light Fashion Co.,Ltd ၊ Harmony Myanmar Garment Co.,Ltd ၊ Unique HTT Co.,Ltd နှင့် Felghua Clothing Co.,Ltd အထည်ချုပ်စက်ရုံ များသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များမှာကြား၍ စက်ရုံအတွင်း လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား ကျောင်းသူများ ထိုင်းနိုင်ငံရှိ အထင်ကရနေရာများ လှည့်လည်ကြည့်ရှုလေ့လာ



**နေပြည်တော် အောက်တိုဘာ ၁၇** နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပ လေ့လာရေးခရီးစဉ် စေလွှတ်ခဲ့ သော ၂၀၂၄-၂၀၂၅ တက္ကသိုလ်ဝင် စာမေးပွဲတွင် ဘာသာတွဲအလိုက် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၃၃ ဦး နှင့် အုပ်ချုပ်သူများသည် ယမန် နေ့ နံနက်ပိုင်းက စင်ကာပူနိုင်ငံမှ လေကြောင်းခရီးစဉ်ဖြင့် ထိုင်း နိုင်ငံသို့ ရောက်ရှိကြသည်။

မွန်းလွဲပိုင်းတွင် ထူးချွန် ကျောင်းသားကျောင်းသူများသည် ဗန်ကောက်မြို့ရှိ မြန်မာသံရုံးသို့ ရောက်ရှိရာ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်ဇော် စိုးက ခရီးစဉ်နှင့် ပတ်သက်သည် များကို ရှင်းလင်းပြောကြားပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ သည်။

ညပိုင်းတွင် ထူးချွန် ကျောင်း သား ကျောင်းသူများသည် Chao Phraya River Cruise ဖြင့် မြစ်ကြောင်းတစ်လျှောက် ကြည့်ရှု လေ့လာခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင် ထူးချွန် ကျောင်းသားကျောင်းသူများသည် ဗန်ကောက်မြို့ Assumption University ၌ တက္ကသိုလ်နှင့် ပတ်သက်သည့် အချက်အလက် များနှင့် ပို့ချလျက်ရှိသည့်သင်တန်း များကို လည်းကောင်း၊ ပတ္တရားမြို့ ရှိ Nong Nooch Garden ပန်းခြံ အတွင်းရှိ ပြကွက်များနှင့် Museum များကိုလည်းကောင်း၊ ပတ္တရားကမ်းခြေ၏ သဘာဝအလှ များကိုလည်းကောင်း လှည့်လည် ကြည့်ရှု လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များ ကို စုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့် အခက်အခဲများကို သတင်း ပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေး ဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံ ဖြေကြားပေးမည့် Call Centre များကို ဖွင့်လှစ်ထားရှိပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Centre ဖုန်းနံပါတ်များ သို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၃၀၂ (၂) ၀၆၇-၃၄၀၄၃၀၃
- (၃) ၀၆၇-၃၄၀၄၃၀၄ (၄) ၀၉-၂၅၂၁၁၆၉၉၆
- (၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၂၁၁၆၉၉၆

(ခ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၁၇၉၆၇ (၂) ၀၆၇-၄၁၇၉၆၃
- (၃) ၀၆၇-၈၈၁၇၅၀၂၅၆ (၄) ၀၉-၅၃၃၀၁၃၀
- (၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၈၁၇၅၀၂၅၆

(ဂ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကချင်ပြည်နယ်)
- (၁) ၀၁-၃၃၃၁၆၃၅
- (၂) ၀၉-၄၂၂၅၄၄၆၆၉
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၂၁၃၀၃

(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကယားပြည်နယ်)
- (၁) ၀၉-၈၈၁၄၄၆၆၈၆
- (၂) ၀၉-၈၈၆၈၃၄၂၃၃
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၈၅၆၃၆၈၁၁

(င) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၁၁၇၅
- (၂) ၀၅၈-၂၃၄၃၂
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၇၇၈၇၁၀၁၄၆

(စ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ချင်းပြည်နယ်)
- (၁) ၀၁-၃၃၃၆၆၁၁
- (၂) ၀၁-၃၃၃၆၆၂၂
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၂၉၉၃၂၃၃

(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၅
- (၂) ၀၇၁-၂၀၃၂၀၉၆
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၉၇၇၉၅၂၀

(ဇ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၁၂၁၁
- (၂) ၀၅၉-၂၀၂၃၅၂၅
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၃၇၂၉၉၉၀

(ဈ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၂၁၂၆၈
- (၂) ၀၅၂- ၂၂၀၁၉၉၁
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၂၅၁၁၃၃၁၈၇

(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၈၉
- (၂) ၀၆၃-၂၀၂၈၈၉၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၅၂၀၂၆၅၉

(ဋ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၆၉၀၄၂
- (၂) ၀၂-၄၀၆၇၃၄၄
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၆၀၂၂၇၇၇

(ဌ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၂၅၆
- (၂) ၀၅၇-၂၀၂၄၃၉၁
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၇၀၉၀၃

(ဍ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၄၂၁၇၄၂၄၂၈
- (၂) ၀၉-၄၃၀၉၄၄၅၇
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၁၇၁၅၄၉၄

(ဎ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၂၅၀၆၂၉၃
- (၂) ၀၁-၂၃၀၆၂၅၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၄၄၁၆၅၁၄၁၆

(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၉၉၅
- (၂) ၀၈၁-၂၁၂၄၅၄၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၄၁၀၁၅၀၈

(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၄၆၁၆
- (၂) ၀၄၂-၂၃၇၈၃
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၆၉၅၈၃၇၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့် အယှက်ပေး ဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်း တင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပြည်ပနိုင်ငံတွင်နေထိုင်ပြီး အကြမ်းဖက်အုပ်စုများနှင့်ဆက်သွယ်ကာ နိုင်ငံတော်ကို ဆန့်ကျင်၍ အကြမ်းဖက်အုပ်စုများအား ငွေကြေးထောက်ပံ့မှုပြုလုပ်သည့်သူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၇**
ပြည်ပနိုင်ငံတွင် နေထိုင်ပြီး
အကြမ်းဖက်အုပ်စုများနှင့် ဆက်
သွယ်ကာ နိုင်ငံတော်ကိုဆန့်ကျင်၍
အကြမ်းဖက်အုပ်စုများအား ငွေ
ကြေးထောက်ပံ့မှုပြုလုပ်သည့်သူ
များကို ဥပဒေနှင့်အညီ အရေးယူ
ဆောင်ရွက်ခဲ့ကြောင်း မြန်မာနိုင်ငံ
ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မလေးရှားနိုင်ငံ
ကွာလာလမ်ပူမြို့၌ ရောက်ရှိ
နေထိုင်သည့် သူဇာမောင် (ခ)
Rashidah Binti Abdul Azeez
သည် မလေးရှားနိုင်ငံ၌ မြန်မာ
မွတ်စလင်ဒုက္ခသည်များ ကော်မတီ
(Myanmar Muslim Refugee
Community–MMRC)ကို ဖွဲ့စည်း
ပြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ
ယင်းအဖွဲ့အစည်းမှ ရရှိသော
ငွေကြေး အကျိုးအမြတ်များဖြင့်
အကြမ်းဖက်အုပ်စုဖြစ်သည့် NUG
အဖွဲ့ကို ငွေကြေးထောက်ပံ့ခြင်း၊
NUG အဖွဲ့အတွက် ရန်ပုံငွေရှာ
ဖွေပေးခြင်းများ ပြုလုပ်ခဲ့သဖြင့်



တရားခံ သူဇာမောင်၏ မိသားစုဝင်များ မှတ်တမ်းဓာတ်ပုံ။

၎င်းကို မြစ်သားမြို့နယ် မြစ်သား
မြို့မရဲစခန်း၌ (ပ) ၁၄၀/၂၀၂၂၊
အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ
ပုဒ်မ ၅၂(က)ဖြင့် အမှုဖွင့်ပြီး
မြစ်သားမြို့နယ်တရားရုံးသို့ ယင်း
ဥပဒေပုဒ်မ ၅၂(က)/ ရာဇဝတ်
ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ ဖြင့်
တရားစွဲဆိုခဲ့ရာ မြို့နယ်တရားရုံး
က ရာဇဝတ်အထွေထွေမှုအမှတ်
၉/၂၀၂၃ ဖြင့် လက်ခံစစ်ဆေးပြီး
၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်
တွင် ဖမ်းဝရမ်းထုတ်ဆင့်ခဲ့
သည်။

ယခုအခါ သူဇာမောင်၊ ၎င်း၏
ခင်ပွန်း စောသန်းတင်ဝင်းနှင့်
သားသမီး သုံးဦးတို့သည် မြန်မာ
နိုင်ငံအတွင်း တရားမဝင်ပြန်လည်
ဝင်ရောက်လာစဉ် ဖမ်းဆီးရမိ
သဖြင့် စစ်ဆေးဖော်ထုတ်ချက်
အရ သူဇာမောင်သည် MMRC
အဖွဲ့ကို ဖွဲ့စည်းပြီး UNHCR နှင့်
NGO/INGO အဖွဲ့အစည်းများထံမှ
အထောက်အပံ့များရရှိရန် ဆောင်
ရွက်၍ ရရှိသော အထောက်အပံ့
များကို တရားမဝင်ရွှေ့ပြောင်း
လုပ်သားများအား MMRC အဖွဲ့မှ
ထောက်ပံ့ကြောင်းလိမ်လည်ကာ
အဖွဲ့ဝင်များဖြစ်အောင် စည်းရုံး
ခြင်း၊ အကြောင်းမျိုးမျိုးဖြင့် တရား
မဝင်ရောက်ရှိလာသူများကို UN–
HCR ၏ ဒုက္ခသည်အသိအမှတ်ပြု
လက်မှတ်ရရှိအောင် ဆောင်ရွက်
ပေးခြင်းဖြင့် ရရှိသည့်ငွေကြေး
အကျိုးအမြတ်များကို ၎င်း၏
မိသားစု အကျိုးစီးပွားပြုလုပ်ခြင်း၊
အကြမ်းဖက်အုပ်စုဖြစ်သည့် NUG
နှင့် ယင်း၏လက်အောက်ခံများ
ကို ငွေကြေးလှူဒါန်းခြင်း၊ ရန်ပုံငွေ
ရှာဖွေပံ့ပိုးခြင်းများ ပြုလုပ်ကြောင်း
တွေ့ရှိရသည့်အတွက် ၎င်းတို့ကို
ဥပဒေနှင့်အညီ ဆက်လက်အရေး
ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း
သတင်းရရှိသည်။

**သတင်းစဉ်**

## စေတုတ္တရာမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကျင်းပ

**စေတုတ္တရာ အောက်တိုဘာ ၁၇**
ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန် ကျောင်းသား
ကျောင်းသူများ စာအုပ်စာပေကို လေ့လာဖတ်ရှုနိုင်စေရန်နှင့် စာပေ
လေ့လာဖတ်ရှုခြင်းမှ ရရှိသော အသိပညာဗဟုသုတများကို ပြန်လည်
အသုံးချမှုဝေနိုင်စေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က
ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်
စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ယနေ့နံနက် ၉ နာရီ
တွင် မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် အခြေခံပညာအလယ်တန်း
ကျောင်းခွဲ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို မြို့နယ်အခြေခံပညာ အလယ်တန်း
ကျောင်းခွဲမှ ကျောင်းသား ကျောင်းသူလေးများက အလှဆုံးပန်းများ
ပွင့်ကြပြီ သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး မြို့နယ်စာကြည့်တိုက်များ ဖွံ့ဖြိုး
တိုးတက်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းထက်
အောင်က အမှာစကားပြောကြားသည်။

ထို့နောက် အခြေခံပညာအလယ်တန်းအဆင့် ကျပန်းစကား
ပြောပြိုင်ပွဲနှင့် မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲတွင် ဆုရရှိသူများနှင့်
အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်း (Never Stop Learning
Talk Show) တွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား ကျောင်းသူ
များအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ
ပေးအပ်ချီးမြှင့်ခြင်းနှင့် အမှတ်တရဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်
သည်။

**ဇာဇာငြိမ်း(ပြန်/ဆက်)**



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၇**
အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့်
CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့
အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော
အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံ
တော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြား
စေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်
ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ
ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ
အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့
လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်
ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း
မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း
ထုတ်ပြန်ပြီးဖြစ်သည်။

**အရေးယူဆောင်ရွက်**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်
လည်း ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်
တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်
ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး
ကိုပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်
စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း
များပြုမူလုပ်ဆောင်ခဲ့သည့် ပဲခူးတိုင်းဒေသ
ကြီး ပဲခူးမြို့နယ် ဥဿာမြို့သစ်အမှတ်(၄)
ရပ်ကွက်နေသူများဖြစ်ကြသည့်“Ma Khaing”
Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ခိုင်ခိုင်
နွယ်၊ “ဖိုးသူတော် ကိုမင်းကိုမင်း” Facebook
အကောင့်ပိုင်ရှင်ဖြစ်သူ အောင်ထွဋ်မင်း(ခ)
မင်းမင်း၊“Zaw Thu Ya” Facebook အကောင့်
ပိုင်ရှင်ဖြစ်သူ ဇော်ညီညီ(ခ)ဇော်သူရနှင့်
“@user490397541595” TikTok အကောင့်
ပိုင်ရှင်ဖြစ်သူ ကျော်ကျော်လွင်တို့လေးဦးအား
ပဲခူးမြို့ အမှတ်(၃)နယ်မြေရဲစခန်း၌ တရား
ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်
အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိ
သည်။

**သတင်းစဉ်**



ရောဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ မြို့နယ်မီးသတ်
ဦးစီးဌာနကကြီးမှူး၍ အောက်တိုဘာ ၁၆ ရက်က မြို့နယ်အတွင်းရှိ
ရွှေလမင်းတည်းခိုခန်း၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက်
မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုး ဦးဆောင်သော မီးသတ်
တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်စဉ်။
မြို့နယ်(ပြန်/ဆက်)

## ဘီးလင်းမြို့နယ်၌ ရေပေးရေးလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ဘီးလင်း အောက်တိုဘာ ၁၇**
မွန်ပြည်နယ် ဘီးလင်းမြို့နယ်
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်
ရေးဦးစီးဌာနက ကျေးလက်
ဒေသနေပြည်သူများ သောက်သုံး
ရေဖူလုံစွာရရှိသုံးစွဲနိုင်ရန်အတွက်
၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်အတွင်း
ပြည်နယ်အစိုးရ ရန်ပုံငွေကျပ်
၃၈ ဒသမ ၇၁ သန်းဖြင့် အရက်
သီမကျေးရွာအုပ်စု အရက်သီမ
ကျေးရွာ တွင်းနက်တူးဖော်ခြင်း၊
ရေစက်ရုံတည်ဆောက်ခြင်း၊ဂါလန်
၅၀၀၀ ဆံ့ အုတ်ရေကန် တည်
ဆောက်ခြင်းနှင့် ခြံစည်းရိုးကာရံ
ခြင်းလုပ်ငန်းများကို မြို့နယ်
ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်
ရေးဦးစီးဌာန ဦးစီးမှူးနှင့်
တာဝန်ခံ အင်ဂျင်နီယာများက
ယမန်နေ့က ကွင်းဆင်းကြီးကြပ်
ဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းများကို
စက်တင်ဘာလမှ စတင်အကောင်
အထည်ဖော် ဆောင်ရွက်ခဲ့ရာ
ယခုအခါ ၇၀ ရာခိုင်နှုန်းခန့်
ဆောင်ရွက်ပြီးစီးလျက်ရှိကြောင်း
သိရသည်။

**ဘုန်းမြတ်**

## ဆောင်းဆီထွက်သီးနှံ(မြေပဲ) ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိရေး နည်းပညာပေးသင်တန်းနှင့် မျိုး၊ သွင်းအားစုပေးအပ်ပွဲ အခမ်းအနားကျင်းပ

**ညောင်လေးပင် အောက်တိုဘာ ၁၇**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင်အတွင်းရှိ ဆောင်းဆီထွက်
သီးနှံ(မြေပဲ) စိုက်ပျိုးသည့် သမဝါယမအသင်းသားတောင်သူများအား
ပန်းတိုင်အထွက်နှုန်းကျော်လွန်ထွက်ရှိရေးအတွက် ညောင်လေးပင်
မြို့နယ်သမဝါယမဦးစီးဌာနက ကြီးမှူးပြီး စိုက်ပျိုးရေးဦးစီးဌာနနှင့်
ပူးပေါင်း၍ နည်းပညာပေးသင်တန်းပို့ချခြင်းနှင့် မျိုး၊ သွင်းအားစု
ပေးအပ်ခြင်းကို ယမန်နေ့နံနက်ပိုင်းက ညောင်လေးပင်မြို့ သီရိရတနာ
ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ညောင်လေးပင်ခရိုင် စီမံခန့်ခွဲရေး
နှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးလှမြင့်၊ ခရိုင်နှင့်မြို့နယ်အဆင့်
စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ သင်တန်း
နည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြပြီး
သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ တိုင်းဒေသကြီး သမဝါယမ
ဦးစီးဌာန ဦးစီးမှူး ဒေါ်ချောစုလှိုင်က အမှာစကားပြောကြား၍ မျိုး
(မြေပဲ) နှင့် သွင်းအားစုများပေးအပ်ခဲ့သည်။

**သတင်းစဉ်**



■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အမက သံပွေ့၌ မူလတန်းကျောင်းအုပ်ရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဒေါ်မာမာခိုင် ၈/တတက(နိုင်)၁၀၄၇၆၀ ၏ ဖခင်အမည် ဦးဗိုပြုး (ခ)ဦးဘိုပြုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးဗိုပြုး(ခ)ဦးဘိုပြုး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အမကဘိုကုန်း၌ ဒုတိယမူလတန်းပြ ရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဒေါ်ချိုချိုအေး ၉/သစန(နိုင်)၁၃၆၄၇၀ ၏ ဖခင်အမည် ဦးမောင်မောင်(ခ) ဦးအုံးသွင် မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်မောင်(ခ)ဦးအုံးသွင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အမကကျီတိုင်ကုန်း၌ လ/ထမူလတန်းပြရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဒေါ်သိင်္ဂီ ချို ၉/သစန(နိုင်)၁၄၁၃၅၉ ၏ဖခင်အမည် ဦးချို(ခ)ဦးမောင်ချို မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးချို(ခ)ဦးမောင်ချို**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၆)၊ မြေကွက်အမှတ်(၅၀၉) ဟုခေါ်တွင်သော မြေအလျား x အနံ(၄၀ x ၆၀)ပေရှိ မြေချပါမစ် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးကြည်မြင့် (၁၂/လသန(နိုင်)၀၀၄၃၁၈)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သီတာအေး(၁၂/ဥကတ(နိုင်)၁၆၃၅၄၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မြမာလာမြင့်(၁၂/မရက(နိုင်)၀၇၇၃၄၂)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဦးဝင်းသူရဇော်(LL.B) | ဒေါ်ယမင်းထွေး(LL.B) | ဦးရဲသီဟ(LL.B) |
|---|---|---|
| အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅) | အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆) |

အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊

ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၈)၊ ဆရာဖေလမ်းနှင့် သဇင်လမ်းထောင့်၊ မြေကွက်အမှတ် (၈၇၄)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ မြေကွက်သည် ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးတင်ဦး (၁၀/ခဆန (နိုင်) ၀၄၅၁၁၇) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ နှစ်(၆၀)ဂရန်မူရင်း၊ စာချုပ်စာတမ်းမူရင်းများနှင့် **NISSAN MARCH AK12** အမျိုးအစား၊ မော်တော်ယာဉ်အမှတ် **(3E- 8738)**တို့၏ စာရွက်စာတမ်းမူရင်းတို့သည် အိမ်ပြောင်း/အိမ်ရွှေ့ ပြုလုပ်ရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျွန်ုပ်တို့မိတ်ဆွေထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့ထံသို့ဖြစ်စေ လာရောက်အပ်နှံပေးရန်နှင့် လာရောက်အပ်နှံပေးသူအား ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။ လာရောက်အပ်နှံပေးခြင်းမရှိဘဲ မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ပြီး တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
|---|---|
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ ကွင်း/အကွက်အမှတ်(RA-IV/ကွက်ပြင်-၄)၊ ဦးပိုင်အမှတ်(၆-က ၃)၊ မြေဧရိယာ(၀.၀၇)ဧကရှိမြေကွက်အား မြေငှားဂရန်(ဦးပိုင်ခွဲ၊ အမည်ပြောင်း ) လျှောက်ထားနိုင်ရေး ဦးဇော်မောင်မောင် (၇/နတလ(နိုင်)၀၃၆၇၇၄)မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**



# မြစ်ကြီးနားမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ စက္ခုဒါနအဖြစ် အခမဲ့မျက်စိစမ်းသပ် ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်

**မြစ်ကြီးနား အောက်တိုဘာ ၁၇**

မြစ်ကြီးနားမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ သဲဖြူကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ပညာဇောတမထေရ်မြတ်ကြီးအား အမှူးထား၍ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှု၊ ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးမှု၊ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ပြည်နယ်အတွင်းရှိ ဒေသခံမျက်စိရောဂါ ဝေဒနာခံစားနေရသူများအား စက္ခုဒါနအဖြစ် အခမဲ့မျက်စိစမ်းသပ် ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ရာ ယနေ့နံနက်ပိုင်းတွင် ပြည်သူ့ဆေးရုံကြီးသို့ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ကြည့်ရှုအားပေးကြသည်။

ထိုသို့ အခမဲ့ မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးခြင်းလုပ်ငန်းများအတွက် ပြည်သူ့ဆေးရုံကြီး သုံးထပ် လူနာဆောင်၌ လက်ခံဆောင်ရွက်နေမှုကို ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်အေးအေးမော်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်၊ အထူးကုဆေးရုံကြီး(မန္တလေး) မှ မျက်စိအထူးကုဆရာဝန် ဒေါက်တာဝင်းထွန်းနိုင်နှင့် မျက်စိအထူးကုဆေးရုံ (စဉ့်ကိုင်မြို့) မှ အထူးကုဆရာဝန် ဒေါက်တာရီလင်းတို့ဦးဆောင်၍ အထက်တန်းသူနာပြုများ၊ အကူသူနာပြုများ၊ မြစ်ကြီးနား ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် မျက်စိအထူးကုဆရာဝန်နှင့် သူနာပြုများ၊ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၃၀၀) မှ အထူးကုဆရာဝန်များနှင့်အတူ ကချင်ပြည်နယ် အခမဲ့ဆေးဝါး ကုသရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒူဝါဒေါက်တာဘွမ်ယွမ်နှင့် အဖွဲ့ဝင်များက ဝိုင်းဝန်းကူညီမှုဖြင့် မျက်စိစမ်းသပ်ကုသရန် လာရောက်ကြသူများအား စာရင်းသွင်းလက်ခံခြင်း၊ စမ်းသပ်ပေးခြင်းနှင့် ခွဲစိတ်ကုသပေးသွားမည့် အစီအစဉ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8L/1284၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 44W/82430, Honda Click-125 i ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇူဇန်ဦး ၁၃/ညရန(နိုင်)၀၆၁၃၅၆က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ရှမ်းပြည်နယ်ရုံး(တောင်ကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/42539, Honda- C-90, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်သဉ္ဇာ ၉/မရမ(နိုင်)၀၈၄၀၂၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/67159 ယာဉ်လက်ဝယ်ရှိသူ ဦးမိုးကျော်ထက် ၇/ထတပ(နိုင်)၁၂၆၉၄၈က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 78W/80685, New Zhineng 110 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော် ၁၄/ဟသတ(နိုင်)၂၇၃၄၃၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဟသ်ာတ)**

## သားအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ တောင်မန်းကျေးရွာနေ ဦးမြ-ဒေါ်အေးကြည်တို့၏သား မောင်အောင်ထွေး ၈/မဘန(နိုင်)၁၁၆၇၂၁ သည် မိဘနှစ်ပါးနှင့်ဆွေမျိုးများ၏ဆိုဆုံးမ မှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ကျေးရွာဓလေ့ထုံးစံများနှင့်အညီ အသိသက်သေများရှေ့မှောက်တွင် သားအဖြစ်မှ ပထမ အကြိမ် အမွေပြတ်စွန့်လွှတ်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှစ၍သားအဖြစ်မှ ရာသက်ပန်အမွေပြတ် ထပ်မံစွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ် ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ၊)

**ဦးမြ - ဒေါ်အေးကြည်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ ပန်းတင်လမ်း (၁၉)နေ ဦးရန်ဖူးကြည်-ဒေါ်ရှင်ခွမ် တို့၏သား မောင်နေလင်း (၁၃/တကန(နိုင်)၂၈၇၆၇၀)သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်အခါခါ မိဘအား စိတ်ဆင်းရဲစေသော ကိစ္စများအား ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်နီလာကျော်(LL.B)
(အထက်တန်းရှေ့နေ) စဉ်-၅၄၂၈၇ (၉-၄-၂၀၂၁)
အမှတ်(၂/၂၅၃)၊ မြတ်ရတနာလမ်း၊ ဘုရားဖြူရပ်ကွက်၊ တောင်ကြီးမြို့၊
Ph-09-762932588

## နေ့စဉ်လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျှော့ကျစေခြင်း။
- နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါ ဖြစ်ပွားမှုကို လျှော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျှော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက် အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဦးကျော်သူဝင်း ၉/စကတ(နိုင်)၀၆၅၅၄၈(ဘ)ဦးမင်းသူ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၂၄၃၂)ကို စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၅၂၉၆/၂၀၁၁(၃၁-၃-၂၀၁၁)ဖြင့် မြေကွက် အမည်ပေါက်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးမောင်မောင်လှိုင် ၉/သစန(နိုင်)၀၉၂၇၆၃(ဘ)ဦးကျော်မောင်မှ ဒေါ်ခိုင်မြတ်မွန် ၁၂/လသယ(နိုင်)၀၄၄၂၉၂နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ကြယ်စင်မြို့တော်အိမ်ရာ၊ City Loft ကွန်ဒို ၊ တိုက်အမှတ်-(CL-8) ၊ (၂)လွှာ ၊ အခန်းအမှတ်-(၂၀၂)၊ ဧရိယာစတုရန်းပေ (၉၅၈)ရှိသောကွန်ဒိုတိုက်ခန်းနှင့် ယင်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိ၍ ရောင်းချလိုကြောင်း ကမ်းလှမ်းလာသူ ဦးထွန်းပြည့်စိုး (၁၀/မဒန(နိုင်)၁၇၈၃၈၇)ထံမှ ကျွန်တော် ဦးထက်လင်း (၁၀/မလမ(နိုင်)၂၀၃၃၅၀) နှင့် ကျွန်မ ဒေါ်အိရွှေစင် (၁၄/ပစလ(နိုင်)၀၄၆၇၇၈)တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ရောင်းချသူထံပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့် ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေအတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| ဦးထက်လင်း | ဒေါ်အိရွှေစင် |
|---|---|
| ၁၀/မလမ(နိုင်)၂၀၃၃၅၀ | ၁၄/ပစလ(နိုင်)၀၄၆၇၇၈ |

ဆက်သွယ်ရန်ဖုန်း- ၀၉-၇၅၀၂၃၀၆၆၁

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/43118, Yunde- 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချောစုဝင်း ၅/ကဘလ(နိုင်)၁၄၀၆၇၅ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၄၆၄၁၅, Luojia- 110 ယာဉ်လက်ဝယ်ရှိသူ ဦးခွန်ဆန်အောင် ၁/မညန(နိုင်)၁၁၉၃၀၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## သက်ဆိုင်သူများ ကန့်ကွက်နိုင်ရန်နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်(၂၈)၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ မြေကွက်အမှတ်(၂၃၂)၊ မြေအကျယ်အဝန်း(၄၀ ပေ x ၆၀ ပေ)၊ (၂၄၀၀) စတုရန်းပေ၊ မြေဧရိယာ(၀.၀၅၅)ဧကရှိ နှစ် (၆၀ မြေငှားဂရန်) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝတ်ရည်ထွန်း (၇/ဒဥန(နိုင်)၀၉၄၉၆၆)နှင့် ဒေါ်ချမ်းမြည်မိမ်း (၉/ကဆန(နိုင်)၂၅၈၈၃၇) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆုမြတ်ခိုင် (၅/ကလတ(နိုင်)၁၂၆၄၄၇) မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်အား သက်ဆိုင်ရာကန့်ကွက်လိုသည်များရှိပါက ခိုင်လုံသောတရားဝင်စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင်ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍(၁၀) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက်အရောင်းအဝယ်ကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်တိုးတိုးကျော် (စဉ် - ၈၃၈၇) LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ
အမှတ် (၄၆)၊ လမ်း (၁၂၀)၊ ရေတွင်းကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ Phone : 09-5107042

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/35577, Yamaha-150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်မိုးလင်း ၈/မဘန(နိုင်)၁၃၄၃၇၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18U/4073,MMO Perfect 150ZH (150CC), 3W (Truck Body((3x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇူးဇူးနိုင်၁၀/ရမန(နိုင်)၂၂၉၀၃၆က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(သထုံ)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## ( တရားမကျင့်ထုံးဥပဒေ အမိန့် ၅ ၊ နည်းဥပဒေ၂၀ )
## ကော့သောင်းမြို့နယ်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၅

ဒေါ်ဥမ္မာခင် (တရားလို) နှင့် ဒေါ်ချိုချိုနွဲ့ (တရားပြိုင်)

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်၊ ရွှေဇင်ယော်ရပ်ကွက်၊ စွယ်တော်လမ်း၊ အမှတ်(၁၃၀) နေ တရားပြိုင် ဒေါ်ချိုချိုနွဲ့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "တရားလိုရရန်ရှိသော ငွေကျပ် ၂၅၀၀၀၀၀၀/- (ငွေကျပ်နှစ်ရာ့ငါးဆယ်သိန်းတိတိ)နှင့် နစ်နာကြေးငွေကျပ် ၃၀၀၀၀၀၀/- (ငွေကျပ်သုံးဆယ်သိန်းတိတိ) စုစုပေါင်းငွေကျပ် ၂၈၀၀၀၀၀၀/-(ငွေကျပ်နှစ်ရာ့ရှစ်ဆယ်သိန်းတိတိ)ရလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်၊ (၁၃၈၇ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက် သည်။

**(စောသိန်းကုဋ္ဌေအောင်)**
**မြို့နယ်တရားသူကြီး**
**ကော့သောင်းမြို့နယ်တရားရုံး**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းထွန်းလင်း (၉/နထက(နိုင်)၁၄၇၆၃၀) သည် ဒေါ်ဇာခြည်ထွန်း [၉/ခမစ(နိုင်)၀၀၄၃၄၁)နှင့် လွတ်လပ်သော နှစ်ဦးဆန္ဒများအရ အသိသက်သေများရှေ့မှောက်၌ (၁-၁၂-၂၀၂၃) ရက်တွင် **"မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ"**နှင့်အညီ အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲပြီး၍ **"နှစ်ဦးသဘောတူအကြင်လင်မယား ကွာရှင်းပြတ်စဲသည့် ကတိသစ္စာပြုလွှာ"** စာချုပ်ကိုလည်း ပြုလုပ်ချုပ်ဆိုပြီး ဖြစ်ပါသည်။

ကွာရှင်းပြတ်စဲသည့်အချိန်တွင်လည်း နှစ်ဦးပိုင်ပစ္စည်းများ လုံးဝမရှိသည့်အပြင် ကွာရှင်းပြတ်စဲပြီးသည့် အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး ရထိုက်ခွင့်ရှိသည့် ပစ္စည်းတစ်စုံတစ်ရာ ကျန်ရှိခြင်းမရှိပါကြောင်း၊ ဒေါ်ဇာခြည်ထွန်းနှင့် ပတ်သက်ဆက်နွှယ်သက်ဆိုင်ခြင်း အလျဉ်းမရှိပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းမည် မဟုတ်ပါကြောင်းကို အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းထွန်းလင်းအပေါ် လူမှုရေးအရ ဂုဏ်သိက္ခာညှိုးနွမ်းအောင် ပြုလုပ်ခြင်းနှင့် အမျိုးမျိုးသော နှောင့်ယှက်ခြင်းများ ပြုလုပ်သူ မည်သူ့ကိုမဆိုဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးထွန်းထွန်းလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဗိုလ်ငြိမ်းတိုး[LL.B] အထက်တန်းရှေ့နေ (စဥ်-၅၃၇၇၉)**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း - ၀၉-၉၇၆၄၆၆၈၈၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁/ရှင်စောပု၊ ဦးပိုင်အမှတ်(၆၀)၊ ဧရိယာ ၀.၀၇၃ဧကအား ဒေါ်သန်းလှ၊ ဒေါ်ကေသွယ်သန်းထိုက် (ဘ) ဦးအောင်ခင်၊ ဦးသန်းထိုက် ၉/တကန(နိုင်)၀၇၀၅၇၉၊ ၉/တကန(နိုင်)၀၄၂၁၄၇မှ တပ်ကုန်းမြို့နယ်၊ မြေစာရင်းဦးစီးဌာနထောက်ခံချက်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် ၁၉၃၄/၂၀၂၅နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်းနောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀/သတိုးမင်းစော၊ ဦးပိုင်အမှတ် (၆၀ᵏ)ရိယာ ၀.၁၆၇ ဧကရှိ ဦးညီ (ဘ)ဦးချစ်စု အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဒေါ်ကြူ (ဘ)ဦးညီ ၉/တကန(နိုင်)၀၀၇၈၅၁ မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆို ရန်အတွက် မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများ တင်ပြပြီး မြေပုံ/မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/59433, Honda PCX-150,M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝေလင်းဦး ၁၄/ပသန(နိုင်)၂၈၃၂၁၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7D/2553, Toyota RAV-4 L AC A21,S/W ယာဉ်လက်ဝယ်ရှိသူ ဦးရဲဝင်းအောင် ၉/ခအဇ(နိုင်)၀၁၅၀၃၀က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## တောင်ငူမြို့၊ ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး

တောင်ငူမြို့၊ ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး သည် (၂၈-၃-၂၀၂၅) မန္တလေးငလျင်ကြီးဒဏ်နှင့်အတူ ပျက်စီးယိုယွင်းမှုများ ပြုပြင်ဆောင်ရွက်လျက်ရှိရာ ရွှေသင်္ကန်းကပ်လှူနိုင်ရန်အတွက် စေတနာရှင် အလှူရှင်များအား မျက်ပါးရွှေဆိုင်းတစ်ဆိုင်းလျှင်(အရွက်-၁၀၀)ပါ ၃၄၀၀၀၀/-(ကျပ်သုံးသိန်းလေးသောင်းတိတိ)၊ ရွှေစင်ရွှေပြား (၉" ၉") ပတ်လည် တစ်ချပ်လျှင် ၈၃၀၀၀၀၀/- (ကျပ် ရှစ်ဆယ့်သုံးသိန်းတိတိ) တို့အား ကမ္ဗည်းထိုး၍ ကိုယ်တိုင်ကိုယ်ကျ ကပ်လှူနိုင်ရန် အကျိုးမျှော် အားကိုး၍ နိဗ္ဗာန်အကျိုးမျှော် နှိုးဆော်အပ်ပါသည်။

**ရွှေဆံတော်စေတီတော်မြတ်ကြီး**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ဖုန်း. ၀၉- ၅၃၅၀၈၅၀၊ ၀၉- ၇၉၂၅၅၅၂၄၊**
**၀၉- ၄၂၈၁၃၁၂၈၂၊ ၀၉. ၄၅၄၃၆၆၄၈၅၊ ၀၉-၅၃၅၂၂၁၇**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်(RA-IV/ကွက်ပြင်-၄)၊ ဦးပိုင်အမှတ် (၆-မ)၊ မြေဧရိယာ ၀၁၁၁မ ၀၈ဧကရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း)၊ လျှောက်ထားနိုင်ရေး ဒေါ်စန်းအေး ၈/မမန(နိုင်) ၀၀၉၄၈၅မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျုံပျော်မြို့၊ အောင်ဆန်းရပ်ကွက်၊ အကွက်အမှတ် (၁၀၁၈)၊ ဘူးပင်းကွင်း၊ ဦးပိုင်အမှတ်(၄၉၀)၊ ဧရိယာ(၀.၀၅၅) ဧကရှိမြေအား ဒေါ်သက်သက်အောင် အမည်ဖြင့် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကျုံပျော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန် (အသစ်)ထုတ်ပေးခြင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျုံပျော်မြို့**

## လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အမက တမန်ချောင်မှ ဒု-မူလတန်းပြဆရာမ နန့်နွယ်မင်းသူ ၁၄/ကကထ(နိုင်)၁၂၂၃၉၂နှင့် ဒေါ်နွယ်မင်းသူသည် တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ၎င်း၏ဖခင် စမင်းစိန်နှင့် ဦးစမင်းစိန်မှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါ ကြောင်း။ **နန့်နွယ်မင်းသူ(ခ)ဒေါ်နွယ်မင်းသူ ၁၄/ကကထ(နိုင်)၁၂၂၃၉၂**

**စမင်းစိန်(ခ)ဦးစမင်းစိန်**

## လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အမက အစုကြီးမှ ကျောင်းအုပ်ဆရာမကြီး နန့်စိမ်းမမ ၁၄/ကကန(နိုင်)၀၁၂၄၈၉နှင့် ဒေါ်စိမ်းမမသည် တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ၎င်း၏ဖခင် မန်းဂေးလ်ဘတ်နှင့် မန်းဂီးလ်ဘတ်(ခ)ဦးဂီးလ်ဘက်မှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**နန့်စိမ်းမမ(ခ)ဒေါ်စိမ်းမမ ၁၄/ကကန(နိုင်)၀၁၂၄၈၉**
**မန်းဂေးလ်ဘတ်(ခ)မန်းဂီးလ်ဘတ်(ခ)ဦးဂီးလ်ဘက်**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့၊ တမန်ချောင်းရွာနေ ဦးမြဒွေး ၁၄/ငပတ(နိုင်)၀၅၂၆၅၀ - နန့်လှထွေး ၁၄/ငပတ(နိုင်) ၀၅၂၄၅၀တို့၏ သမီးဖြစ်သူ မပန်းစုစုထွေး ၁၄/ငပတ(နိုင်)၁၉၇၉၆၈ သည် မိဘ၏ဆိုဆုံးမမှုကိုနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်သည့်အတွက်ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးမြဒွေး-နန့်လှထွေး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ အောင်ဆန်းနယ်မြေ၊ ကျောက်ဖူးရပ်ကွက်၊ ကွင်းအမှတ်(၇၄၆)၊ ဦးပိုင်အမှတ်(၃၅)၊ မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းမကြီးဘေး ရှေ့မျက်နှာစာ (၅၂)ပေ၊ နောက်မျက်နှာစာ(၄၂)ပေ အရှေ့အနောက်မြောက်ဘက်ခြမ်း(၇၂)ပေ၊ တောင်ဘက်ခြမ်း အရှေ့အနောက်(၆၂)ပေ အကျယ်အဝန်းရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်တို့ကို အမှုအခင်းနှင့် အမွေဆိုင်အရှုပ်အရှင်းမရှိကြောင်း၊ ၎င်းတို့သာပိုင်ဆိုင်ပြီး၊ အပြီးအပိုင်ရောင်းချရန် ဒေါ်အုံးမြ(ခ)ဒေါ်သီသီမြနှင့် သားသမီးများက ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေများ ပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်အဆောက်အအုံ အရောင်းအဝယ် ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား (မူရင်းများ)နှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စိုးသိုက် (LL.B, DIBL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၁၁)**
**အမှတ်(၃၂၆)၊ ဇီဇဝါလမ်း၊ နယ်မြေ(၃)၊ ပေါက်ချောင်း(၁)ရပ်၊ မိတ္ထီလာမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးမေတ္တာရပ်ကွက်၊ အေးမေတ္တာလမ်းမကြီး၊ အောင်ချမ်းသာ တိုးချဲ့၊ မြေကွက်အမှတ်(၁၇၉၀)၊ အလျား x အနံ (၄၀ x ၆၀)ပေအကျယ်ရှိ ဦးမြဟန်အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးဟိန်းမင်းသူ (၅/စတန(နိုင်)၁၉၂၄၅၄) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စမ်းစမ်းအေး (၇/ပခန(နိုင်)၁၂၄၃၈၇)က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇာနည် ( LLB, D.B.L, D.I.PL) (စဉ် - ၁၄၆၆၈) ဒေါ်အိအိမော် (ခ) အိသဥ္ဇာအောင် ( LLB, D.I.PL ) (စဉ် - ၁၈၇၂၆)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊သန်လျင်မြို့၊ ဖုန်း - ၀၉-၇၉၇၀၇၅၃၁၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City အိမ်ရာ၊ Estella Townhouse ၊ Property No-ETH 669, Street Name - Estella Drive - 2 ၊ Land Area - 1210 Build-up Area - 1277 အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးအောင်စစ် (ဘ) ဦးမြင့်လွင်(ခ) လိုကျန်ဟွာ (၁၀/မလမ(နိုင်)၁၅၂၉၉၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝါဝါစိုး (ဘ) ဦးဇော်မြင့်စိုး (၇/ဖမန(နိုင်)၀၉၈၂၆၀)က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇာနည် ( LLB, D.B.L, D.I.P.L) (စဉ် - ၁၄၆၆၈) ဒေါ်အိအိမော် (ခ) အိသဥ္ဇာအောင် ( LL.B, D.I.PL ) (စဉ် - ၁၈၇၂၆)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊သန်လျင်မြို့၊ ဖုန်း - ၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ပါသည်။

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စက်မှုဇုံ(၂) မြေကွက်အမှတ်-၂၃၊ ဧရိယာ-၁.၂၃၂၈ဧကအကျယ်အဝန်းရှိ နှစ်(၆၀)စက်မှုမြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ စက်မှုဇုံ(၂)၊ ကနောင်မင်းသားကြီးလမ်း၊ အမှတ်-၂၃ ဟုခေါ်တွင်သည့် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးစိန်လင်း (၁၂/လသန(နိုင်)၀၂၀၃၃၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေများ အနက်မှတစိတ်တဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အဆောက်အအုံအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**

**ညွှန်ကြားချက်အရ**
**သင်းကြူစိုး LL.B., LL.M.**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၅၆)**
**ရုံး-အမှတ်-၅၅၊ အခန်း-၅၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀၁-၆၃၅၂၊ ၀၉-၅၅၀-၆၅၅၆။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁/ရှင်စောပု၊ ဦးပိုင်အမှတ်(၆၁)၊ ဧရိယာ ၀.၀၇၃ဧကအား ဦးစိုးမြင့်၊ ဒေါ်လှမှီ(ဘ) ဦးအုန်းမောင်၊ ဦးအောင်ခင် ၉/တကန(နိုင်)၀၇၇၅၂၅၊ ၉/တကန(နိုင်)၀၇၇၅၁၇မှ တပ်ကုန်းမြို့နယ်၊ မြေစာရင်းဦးစီးဌာနထောက်ခံချက်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ အမှတ် ၁၉၀၇/၂၀၂၅၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/မန္ဒူဟာ၊ ဦးပိုင်အမှတ်(၄၇ᵃ)၊ ဒေါ်နွဲ့နွဲ့အေး(ဘ)ဦးချစ်ထွေး ၉/တကန (နိုင်)၀၀၁၉၂၉ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်၊ ဧရိယာ ၀.၁၉၇ ဧက အနက်မှ ဧရိယာ ၀.၁၁၀ ဧကအား ဦးကျော်လွင်၊ ဒေါ်မြင့်မြင့်အေး (ဘ)ဦးသန်းမောင်၊ ဦးညွန့် ၉/တကန(နိုင်)၀၄၁၈၄၈၊ ၉/တကန(နိုင်)၁၅၇၉၇၀နှင့် ဦးပိုင်ခွဲ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြပြီး မြေပုံမြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8G/5464, Wai Mandalar L/T(WMLT-03) Pickup (4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့်ကျော် ၉/မနတ(နိုင်)၀၅၈၆၅၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၄ယ/၈၉၃၇၅, ADX-2-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မာမာဆွေ ၉/မရတ(နိုင်)၁၁၈၂၈၉က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၀-၁၀-၂၀၂၅) ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ (၂၉) ဒေါ်ကြင်ကြင်စိမ်း ၉/မထလ(နိုင်)၁၇၆၄၃၈၏ အများသိစေရန် ကြေညာခြင်းကြော်ငြာတွင် (၆-၄-၂၀၂၄)အစား (၆-၄-၂၀၁၄)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အထက(၈)Grade-9မှ မောင်အောင်ကိုမင်း၏ ဖခင်အမည်မှန်မှာ ဦးဇင်လင်းထွန်း ၉/လဝန(နိုင်)၁၈၄၂၉၀ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ် (၈)ရပ်ကွက်၊ မြေတိုင်းအမှတ်(၂၄)၊ မြေကွက်အမှတ်(၁၃၁)၊ မြေဧရိယာ ၀.၀၅၅ဧကရှိ မြေအား ဒေါ်သင်းသင်းမာမှ သက်တမ်းတိုးအမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက သက်တမ်းတိုး အမည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ပဲခူးမြို့**

## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) ဒုသမအကြိမ်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်းနှင့် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၏ ဒုသမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်–

| | | |
|---|---|---|
| **လျှောက်လွှာတင်သွင်းရမည့်ရက်** | – | ၂၁–၁၀–၂၀၂၅ ရက်မှ ၃၁–၁၀–၂၀၂၅ ရက်အထိ |
| **အစမ်းလေ့ကျင့်မည့်ရက်** | – | ၇–၁၁–၂၀၂၅ရက်(သောကြာနေ့)၊ နံနက်(၀၉:၀၀)နာရီ |
| **ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်** | – | ၉–၁၁–၂၀၂၅ရက်(တနင်္ဂနွေနေ့)၊ နံနက်(၀၉:၀၀)နာရီ |
| **ဘွဲ့နှင်းသဘင်ကျင်းပမည့်နေရာ** | – | ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ |

၂။ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၏ ဒုသမအကြိမ် ဘွဲ့နှင်းသဘင်အား ၂၀၂၄–၂၀၂၅ ပညာသင်နှစ်တွင် နောက်ဆုံးနှစ်ဘွဲ့ စာမေးပွဲများ၊ ဘွဲ့လွန်ဒီပလိုမာ စာမေးပွဲများနှင့် မဟာဘွဲ့စာမေးပွဲများကို ဖြေဆိုအောင်မြင်ပြီး သူများ လျှောက်ထားနိုင်ပါသည်။

